# ကြေးမုံ
## The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်၊ သောကြာနေ့၊ (2-3-2007) (၅၂၄၉)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေးမဆုံးရှုံးစေရေးတို့အတွက် တောင်သူလယ်သမားထုကြီးက သမိုင်းအစဉ်အလာနှင့်အညီ နယ်ချဲ့ဆန့်ကျင်ရေးအလံတော်ကို အမြင့်မားဆုံးလွှင့်ထူပြီး ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် နယ်ချဲ့ဩဇာခံပုဆိန်ရိုးတို့၏အန္တရာယ်ကို စုစည်းညီညွတ်စွာ တွန်းလှန်ဖယ်ရှား

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၇ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ–

**ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–**

နိုင်ငံတော်၏ စားနပ်ရိက္ခာအတွက်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ စွမ်းဆောင်ပေးနေသည့် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသော ဉာမတ်လ ၂ ရက်နေ့ **"တောင်သူလယ်သမားနေ့"** မင်္ဂလာအခါသမယတွင် တောင်သူလယ်သမားထုကြီးတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် မိမိတို့၏လယ်ယာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်နိုင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိပိမာန်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❋

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

# ၂၀၀၇ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ
The Mirror

၂-၃-၂၀၀၇
(သောကြာနေ့)

# မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ ဘာဝနာတရားအားထုတ်၊ ကုသိုလ်ကောင်းမှုများပြုလုပ်

ယနေ့သည် ထူးမြတ်သော တပေါင်းလပြည့် အခါသမယနေ့ဖြစ်သည်။

တပေါင်းလသည် ဆောင်းအကုန်နွေအကူး နွေဦးအစလဖြစ်၍ ဆောင်းနှင့်နွေ နှစ်ထွေအလှတို့ကို ရောယှက်တွေ့မြင်နေရသည်။ ရာသီပန်းများဖြစ်သည့် အင်ကြင်း ပန်းနှင့် သရဖီပန်းတို့ ဖူးပွင့်နေကြပြီး တောတောင်ဝန်းကျင်တစ်ခိုဌ် ဥဩတွန်သံနှင့်အတူ သာယာကြည်နူးဖွယ် ကောင်းလှသည်။

ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးကာ ဝေနေယျသတ္တဝါတို့အား တရားရေအေးတိုက်ကျွေးလျက်ရှိစဉ် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်အား ပင့်ဆောင်ရန် ကာဠုဒါယီအမတ်ကြီးအား စေလွှတ်ခဲ့သည်။

ဘုရားရှင်၏တရားတော်ကိုနာကြားရပြီး ရဟန္တာဖြစ်သွားသော ကာဠုဒါယီမထေရ်က ဘုရားရှင်အား တပေါင်းလနှင့် လမ်းခရီး၏ သာယာပုံတို့ကို ဂါထာပေါင်း ၆၄ ဂါထာသီကုံး၍ ဖွားတော်မူရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချီပါရန် တပေါင်းလပြည့်နေ့တွင် လျှောက်ထားခဲ့သည်။

မြတ်စွာဘုရားရှင်သည် တပေါင်းလပြည့်ကျော် ၁ ရက်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွချီတော်မူပြီး ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် မိထွေးတော်ဂေါတမီတို့အား ကျေးဇူးဆပ်တရားဟောကြားတော်မူခဲ့ပေသည်။

ရှေးဘိုးဘေးမြန်မာတို့က ဘုရားရှင်ကြွရောက်တော်မူခဲ့သည့် တပေါင်းလရာသီတွင် သဲပုံစေတီပွဲတော်များ တည်ထားကာ ဘုရားရှင်၏ ဂုဏ်တော်တို့ကို အာရုံပြုကြည်ညိုပူဇော်ကြသည်။ တပေါင်းလ၌ မြစ်များ၊ ချောင်းများ ရေစစ်ကာ သဲသောင်ပြင်များဖြစ်ထွန်းလျက်ရှိရာ သဲသောင်ပြင်ထက် သဲပွင့်သဲစက်များစုပုံ၍ စေတီအသွင်ပြုပြီး သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်းပူဇော်သည့် သဲပုံစေတီပွဲတော်များ ကျင်းပခဲ့ကြသည်။

ယနေ့ကာလတွင် ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပ၍ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းခဲဖွယ်များဆက်ကပ်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူပွဲများ ကျင်းပခြင်းတို့ကို တပေါင်းလပြည့်အခါသမယ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် သာယာကြည်မွေ့ ထူးမြတ်သည့် တပေါင်းလပြည့်အခါသမယနေ့တွင် မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အနန္တကို အဖန်ဖန်အောက်မေ့လျက် ဘာဝနာတရားများအားထုတ်ရင်း ကုသိုလ်ကောင်းမှုအလှူဒါနအစုစုတို့ကို မပြတ်ပွားများပြုလုပ်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများကို အမှူးထား၍ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဝါယာလက် အိမ်ခြေ(၅၀)နေ ဦးသိန်းလွင်-ဒေါ်သက်သက်ဟန်၊ သမီး-သက်သစ္စာစံ၊ လွင်ရှင်းသန့်ဟန် မိသားစုက ငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကြည့်ရှုစစ်ဆေး

**သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန် အမှတ်(၁)ရှိ အောင်စိန်လင်း ကုမ္ပဏီ သစ်အချောထည် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သစ်တောရေးရာ)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများစစ်ဆေး

ရန်ကုန် မတ် ၁

**သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အမှတ်(၁)ရှိ စန်ဖိုကိုသစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမန်နေဂျာ ဒေါ်သီတာအေးက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မန်နေဂျင်းဒါရိုက်တာ ဦးလင်းဝင်း၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဦးကြည်စိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း နိုင်ငံခြားတင်ပို့ရန် သစ်အချောထည်များ ထုပ်ပိုးထားရှိမှု၊ ပရိဘောဂပစ္စည်းများ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် သစ်ပေါင်းခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံကို ထိုင်းနိုင်ငံ Santi Forestry Groupက ရာခိုင်နှုန်း ၁၀၀ ရင်းနှီးမြှုပ်နှံထားပြီး ကျွန်းသစ်ခွဲသားများနှင့် ပရိဘောဂပစ္စည်းများကို ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယင်းနောက် ဝန်ကြီးသည် အောင်စိန်လင်း ကုမ္ပဏီသစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် မန်နေဂျာ ဦးဇော်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးလင်းဝင်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစက်ရုံက ကျွန်း၊ပျဉ်းကတိုးနှင့်တောင်သရက်တန်ဖိုးမြှင့်ခွဲသားများနှင့် ဥယျာဉ်သုံးပရိဘောဂများကို ထိုင်းနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

## အထက(၄)ဒဂုံမြို့သစ်(မြောက်ပိုင်း) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၁**

အထက(၄)ဒဂုံမြို့သစ် (မြောက်ပိုင်း)၌ ၁၉၉၀-၂၀၀၃ ခုနှစ်အတွင်း ပညာသင်ပေးခဲ့ကြသော ဆရာ၊ ဆရာမများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ပွဲကို မတ် ၄ ရက် နံနက် ၉ နာရီခွဲတွင် အထက်ပါကျောင်းခန်းမတွင် ပြုလုပ်မည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

## တပေါင်း၊ တန်ခူးတရားစခန်းပွဲ

**ရန်ကုန် မတ် ၁**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် ၁၀ ရက် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၄၈)ကြိမ်မြောက် တပေါင်းလ တရားစခန်းပွဲကို မတ်၅ရက်(တနင်္လာနေ့)ညနေအရောက်လာကြရန်နှင့် သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၁ ရက် (ဗုဒ္ဓဟူးနေ့)ညနေ အရောက်လာကြရန်နှင့် တရားစခန်းပွဲ၌ ပုပ္ပား(၂)ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)ဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာ စရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ ယောဂီများ လူကိုယ်တိုင် သို့မဟုတ် ဖုန်း-၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အထိမ်းအမှတ် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

ရန်ကုန် မတ် ၁

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အထိမ်းအမှတ် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။**

**အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်အထိမ်းအမှတ် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော် အမှာစကားပြောကြားစဉ်။**
(အမျိုးသမီးရေးရာ)

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်သဃ်န်းကျွန်းစံပြဆေးရုံကြီး ရင်ခေါင်းဆေးပညာဌာန အထူးကုသမားတော် ဒေါက်တာ ဒေါ်သင်းသင်းက သန့်လေးသန့်နှင့် စပ်လျဉ်းသည့် ပတ်ဝန်းကျင်ကျန်းမာရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို အကျယ်တဝင့် ပညာပေးဟောပြောပြီး ဟောပြောပွဲအပြီးတွင် ဒုတိယ အဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက တောင်ဥက္ကလာပမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် "လူသားများနှင့် ပတ်ဝန်းကျင်" စာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်စိန်ထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## မီးသတိပြု

# အမျိုးသားညီလာခံကြီး ကျင်းပလျက်ရှိရာတွင် တောင်သူလယ်သမားကြီးများ၏ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအဖြစ် တက်ကြွစွာ ပါဝင်တက်ရောက်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရ

*** ရှေ့ဖုံးမှ**

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးကဏ္ဍ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်၏ အခြေခံစီပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများမှာ နိုင်ငံနှင့်အဝန်း ကြီးမားကျယ်ပြန့်လှပြီး တောင်သူလယ်သမားကြီးများ၏ လက်ဝယ်ရှိ အဓိကကုန်ထုတ်လုပ်ငန်းကြီးဖြစ်သည့်အပြင် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုတို့ကို အထောက်အကူပြုသည့် လုပ်ငန်းကြီးလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့တို့၏လက်အောက် ကျရောက်ခဲ့ရသည့်ကာလက ကိုလိုနီနယ်ချဲ့အစိုးရသည် တိုင်းတစ်ပါးသားများအား မြန်မာနိုင်ငံအတွင်းသို့ ခေါ်သွင်း၍ လယ်ယာလုပ်ကိုင်ခွင့်ပေးခြင်း၊ တိုင်းတစ်ပါးသားများအား ငွေရင်းငွေနှီးထုတ်ပေးပြီး မြန်မာတောင်သူလယ်သမားများကို အတိုးနှုန်းကြီးမြင့်စွာဖြင့် ချေးငှားစေခြင်း၊ မြန်မာနိုင်ငံက ထွက်ရှိသည့် ဆန်စပါးကို နယ်ချဲ့အရင်းရှင်ကုမ္ပဏီကြီးများက ဈေးနှိမ်ဝယ်ယူပြီး အကျိုးအမြတ် များစွာရယူ၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းတို့ပြုလုပ်ပြီး နိုင်ငံခြားသားအရင်းရှင်များနှင့် လက်ဝေခံအစေအပါးများက မြန်မာတိုင်းရင်းသားတောင်သူလယ်သမားများအပေါ် ကုပ်သွေးစုပ်ခေါင်းပုံဖြတ်နိုင်အောင် အခြေအနေများ ဖန်တီးပေးခဲ့ပါသည်။

ယင်းသို့ ကိုလိုနီနယ်ချဲ့အစိုးရ၏ တရားမဲ့ပြုကျင့်မှုများကို မခံမရပ်နိုင်သဖြင့် မြန်မာလယ်သမားထုကြီးက ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့အစိုးရအား ပြောင်မြောက်စွာ ဆန့်ကျင်တိုက်ခိုက်ခဲ့သော တောင်သူလယ်သမားအရေးတော်ပုံကြီးသည် မေ့ပျောက်မရသည့် သမိုင်းမှတ်တိုင်ကြီးအဖြစ် တည်ရှိခဲ့ပါသည်။ တောင်သူလယ်သမား အရေးတော်ပုံကြီး၏ နောက်ပိုင်းကာလများတွင် တောင်သူလယ်သမားများပါဝင်သည့် နယ်ချဲ့ဆန့်ကျင်ရေးတိုင်းရင်းသားအင်အားစုများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် လွတ်လပ်ရေး ရယူနိုင်ခဲ့ပါသည်။

**ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏မှန်ကန်သော ဦးဆောင်မှုအောက်တွင် တောင်သူလယ်သမားထုကြီး အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစွာဖြစ်ထွန်းနေပြီး နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်လျက်ရှိသည့်အပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပုံဖော်ပေးမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်း ချမှတ်လျက်ရှိသော အမျိုးသားညီလာခံကြီးကိုလည်း အရှိန်မှန်မှန်ဖြင့် အောင်မြင်စွာကျင်းပလျက်ရှိပါသည်။** ယင်းသို့ နိုင်ငံတော်၏ အနာဂတ်အလားအလာကောင်းများ ဖြစ်ထွန်းနေချိန်တွင် ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးအချို့က ပြည်တွင်းမှ ယင်းတို့၏ ဩဇာခံရုပ်သေးရုပ်များနှင့် အမျိုးသားသစ္စာဖောက်ပုဆိန်ရိုးများကို အသုံးချ၍လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများတွင် ပါဝင်စွက်ဖက်၍လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးကိုပင် တလွဲအသုံးချ၍လည်းကောင်း မြန်မာနိုင်ငံကို ယင်းတို့စိတ်တိုင်းကျ လက်ဝါးကြီးအုပ် ခြယ်လှယ်နိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လွတ်လပ်ရေး မဆုံးရှုံးစေရေးတို့အတွက် တောင်သူလယ်သမားထုကြီးက မိမိတို့၏သမိုင်းအစဉ်အလာနှင့်အညီ နယ်ချဲ့ဆန့်ကျင်ရေးအလံတော်ကို အမြင့်မားဆုံးလွှင့်ထူပြီး ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် နယ်ချဲ့ဩဇာခံပုဆိန်ရိုးတို့၏ အန္တရာယ်ကို စုစည်းခိုင်မာညီညွတ်စွာဖြင့် တွန်းလှန်ဖယ်ရှင်းကြရန် လိုပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတစ်ရပ်လုံး၏ စားနပ်ရိက္ခာပြည့်ဝစေရေး၊ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်၍ အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်း တိုးတက်ရေး၊ သီးထပ်စိုက်ပျိုးနိုင်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် လိုအပ်သော စိုက်ပျိုးရေ ရရှိရေးကို အစဉ်တစိုက် တိုးမြှင့်စီမံပေးလျက်ရှိပါသည်။

ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ဆည်မြောင်းတာတမံများကို နိုင်ငံတော်က ဘဏ္ဍာငွေ အမြောက်အမြားကျခံသုံးစွဲပြီး တိုးတက်တည်ဆောက်လျက်ရှိသကဲ့သို့ တည်ဆောက်ပြီး ဆည်မြောင်းတာတမံများကို ထိန်းသိမ်းခြင်း၊ ရေဝင်ကောင်းပြီး ရေပေးဝေစိုက်ပျိုးနိုင်အောင် စနစ်တကျစီမံခြင်းလုပ်ငန်းများကို အစဉ်အမြဲ အာရုံစိုက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံတည်ဆောက်ရေး လုပ်ငန်းများအပြင် ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကိုလည်း ရေမြေသဘာဝအခြေအနေကိုလိုက်၍ ဒေသအနှံ့အပြားတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

**၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ လယ်မြေဧက ၂ ဒသမ ၆ သန်းကျော်ကို အကျိုးပြုနိုင်မည့် ဆည်မြောင်းတာတမံပေါင်း ၁၉၆ ခုကို ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၁၅၃၀၀၀ ကျော် ကျခံသုံးစွဲတည်ဆောက်ပေးခဲ့ပြီး ဆည်မြောင်း တာတမံ ၃၉ ခုကို လိုအပ်သည့် ပြည်နယ်နှင့်တိုင်းများတွင် ဆက်လက် တည်ဆောက်ပေးလျက်ရှိပါသည်။ မြစ်ရေတင်လုပ်ငန်းအနေဖြင့်လည်း ပြည်နယ်နှင့်တိုင်း ၁၃ ခုတွင် ဧက လေးသိန်းခြောက်သောင်းကျော်ကို အကျိုးပြုနိုင်မည့် လုပ်ငန်း ၃၀၅ ခုကို တည်ထောင်အကောင်အထည်ဖော်ပေးပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း မြစ်ရေတင်လုပ်ငန်း ၃၇ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိရန် လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး၊ ယင်းစက်ကိရိယာများအတွက် စက်သုံးဆီရရှိရေးနှင့် သီးနှံအတွက်တိုးရန် ဓာတ်မြေဩဇာ တိုးတက်သုံးစွဲနိုင်ရေးတို့ကို နိုင်ငံတော်က စဉ်ဆက်မပြတ် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများအတွက် စက်သုံးဆီလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သည့် ကြစည်းရိုးကြက်ဆူပင်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း အလွယ်တကူ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး အသုံးဝင်မှု တန်ဖိုးကြီးမားသည့် ကြစည်းရိုးကြက်ဆူပင်များကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သွားရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား—**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော မှန်ကန်သည့် အမျိုးသားရေး မူဝါဒအပေါ်တွင် ခိုင်မာစွာရပ်တည်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီး ကျင်းပလျက်ရှိရာတွင် တောင်သူလယ်သမားကြီးများ၏ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအဖြစ် တက်ကြွစွာ ပါဝင်တက်ရောက်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ် တွေ့မြင်ရပါသည်။

သို့ဖြစ်၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက်—

- **နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်ရေးအတွက်လည်းကောင်း၊**
- **ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ ဩဇာခံပုဆိန်ရိုးများ၏ အန္တရာယ်ကို ဟန့်တားကာကွယ်ရေးအတွက်လည်းကောင်း၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း**

တောင်သူလယ်သမားကြီးများက တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**၁၉၈၈ ခုနှစ်မှ ယနေ့အချိန်အထိ လယ်မြေဧက ၂ ဒသမ ၆ သန်းကျော်ကို အကျိုးပြုနိုင်မည့် ဆည်မြောင်းတာတမံပေါင်း ၁၉၆ ခုကို ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၁၅၃၀၀၀ ကျော် ကျခံသုံးစွဲတည်ဆောက်ပေးခဲ့ပြီး ဆည်မြောင်းတာတမံ ၃၉ ခုကို လိုအပ်သည့် ပြည်နယ်နှင့်တိုင်းများတွင် ဆက်လက်တည်ဆောက်ပေးလျက်ရှိပါသည်။ မြစ်ရေတင်လုပ်ငန်းအနေဖြင့်လည်း ပြည်နယ်နှင့်တိုင်း ၁၃ ခုတွင် ဧက လေးသိန်းခြောက်သောင်းကျော်ကို အကျိုးပြုနိုင်မည့် လုပ်ငန်း ၃၀၅ ခုကို တည်ထောင်အကောင်အထည်ဖော်ပေးပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း မြစ်ရေတင်လုပ်ငန်း ၃၇ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**

**ဦးအောင်မြတ်ကျော်အား ရည်စူး၍ လှိုင်မြို့နယ် ပြည်လမ်း (၆) မိုင်နေ ဇနီး ဒေါ်ခင်သိန်းဒိုင်၊ သား ဒေါက်တာဝင်းမော်ထွန်း၊ သမီး ဒေါက်တာ လှိုင်မြတ်သူ၊ မြေး လှိုင်ဝင်းသော်တာ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။** (ကအ-ပ)

**ဇလွန်မြို့နယ်အသင်း (ရန်ကုန်) (၄၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို စမ်းချောင်းမြို့နယ် မြသိန်းတန် အောင်စေမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ရာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောသလ္လ(လမိုင်းပရိယတ္တိစာသင်တိုက်၊ ဇလွန်မြို့) အား အသင်းဥက္ကဋ္ဌ သီရိသုဓမ္မဇောတိ ဇောတဓရ ကေသီပန် ဦးလှမြင့်နှင့် အမှုဆောင်များက ထပ်ဆင့်ပူဇော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။** (ဝ၄)

## အီရန်စစ်ရဟတ်ယာဉ်ပျက်ကျ

**တီဟီရန် မတ် ၁**

အီရန်နိုင်ငံမှ စစ်ရဟတ်ယာဉ် တစ်စင်းသည် တူရကီနိုင်ငံ နယ်စပ် အနီး၌ စနေနေ့ကပျက်ကျခဲ့ရာ တော်လှန်ရေးတပ်ဖွဲ့မှ တပ်မှူးနှစ်ဦးအပါအဝင် တပ်ဖွဲ့ဝင် ၁၃ဦးထက်မနည်း သေဆုံး သွားကြောင်း အိုင်အက်စ်အင် အေသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း ဒေသသို့ အထူးတာဝန်ဖြင့် သွားရောက်စဉ် တပ်မှူးနှစ်ဦး၊ လေယာဉ်မှူးနှင့် အခြားတပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးသွားကြောင်း စစ်ဘက်ဆိုင်ရာ အရာရှိ ဟာဆန်ရက်စ်ဂါပါနတ်၏ ပြောကြားချက်ကို ကိုးကားလျက် အိုင်အက်စ်အင်အေသတင်းဌာနက ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်း ဘီဟိုရိုမြို့တွင် ရထားတစ်စင်းနှင့် ကုန်တင်ကားတစ်စီးတို့ တိုက်မိပြီးနောက် အပျက်အစီးများကို မတ် ၁ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## သံတမန် နှစ်(၅၀) ပြည့် အထိမ်းအမှတ် သီရိလင်္ကာမှတရုတ်သို့ ဆင်ငယ်လက်ဆောင်ပေး

**ပေကျင်း မတ် ၁**

သီရိလင်္ကာ သမ္မတ မဟိန္ဒာရာဇာပက်ဆေးသည် အသက်ငါးနှစ်အရွယ်ရှိ ဆင်လေး တစ်ကောင်ကို တရုတ်နိုင်ငံသို့ တနင်္လာနေ့က လက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။

သီရိလင်္ကာနှင့် တရုတ်နိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်မှု နှစ် ၅၀ပြည့် အထိမ်းအမှတ်အဖြစ် ထိုဆင်ငယ်လေးကို ချစ်ကြည်ရေးလက်ဆောင် ပေးအပ်ခြင်းဖြစ်သည်။

**<u>အမည်မှည့်</u>**

အဆိုပါ ဆင်ငယ်လေးမှာ အလေးချိန် တစ်တန်နီးပါးခန့်ရှိပြီး မိဂရာပူဟု အမည်ပေးထားသည်။ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ဟောင်းတစ်ဦး၏ အမည်နာမကို အစွဲပြုကာ ဆင်ငယ်လေးကို အမည်မှည့်ခေါ်ခဲ့သည်။ အဆိုပါ ဆင်ငယ်လေးကို ပေကျင်းရှိ တိရစ္ဆာန်ဥယျာဉ်တွင် ထားရှိမည်ဖြစ်သည်။

သီရိလင်္ကာနှင့် တရုတ်နိုင်ငံတို့သည် ၂၀၀၇ခုနှစ်ကို နှစ်နိုင်ငံ ချစ်ကြည်ရေးနှစ်အဖြစ် သတ်မှတ်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အထပ်မြင့်အဆောက်အအုံတစ်ခု မီးလောင်မှုကြောင့် ကယ်ဆယ်ရေးဆောင်ရွက်နေကြသည်ကို ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဆိုမာလီယာကမ်းလွန်တွင် ကုလသမဂ္ဂရိက္ခာတင်သင်္ဘော ပြန်ပေးဆွဲခံရ

**နိုင်ရိုဘီ မတ် ၁**

အာဖရိက ဦးချိုဒေသကမ်းလွန်သို့ အမေရိကန်စစ်သင်္ဘောတစ်စင်း ဦးတည်မောင်းနှင်လာနေစဉ်မှာပင် ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က စားနပ်ရိက္ခာများ ပို့ဆောင်ပေးရန် ငှားရမ်းထားသည့် သင်္ဘောတစ်စင်း ပြန်ပေးဆွဲခံရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

ကင်ညာနိုင်ငံ မှတ်ပုံတင် အမ်ဗွီရိုဇင်အမည်ရှိ ပြန်ပေးဆွဲခံရသောသင်္ဘောပေါ်ရှိ ဝန်ထမ်းအဖွဲ့ကို သေနတ်သမားများက ဖမ်းဆီးထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ပြန်ပေးဆွဲခံထားရသူများမှာ သီရိလင်္ကာ လူမျိုး ခြောက်ဦးနှင့် ကင်ညာလူမျိုး ခြောက်ဦးတို့ ဖြစ်ကြောင်း သိရသည်။ ဒဗလျူအက်ဖ်ပီက ငှားရမ်းထားသည့် သင်္ဘောတစ်စင်း ပြန်ပေးဆွဲခံရခြင်းမှာ နှစ်နှစ်တာကာလအတွင်း တတိယအကြိမ်ဖြစ်သည်။

ပြန်ပေးဆွဲခံထားရသော အမ်ဗွီရိုဇင်သင်္ဘောကို ဘာဂယ်လ် ပင်လယ်ဆိပ်ကမ်းကမ်းလွန် တွင် ကျောက်ချရပ်နားထားကြောင်း ပြောရေးဆိုခွင့်ရှိသူ ပင်နီဖာဂူဆန်က ပြောကြားသည်။ အဆိုပါ ပင်လယ်ဆိပ်ကမ်းသည် ဆိုမာလီနိုင်ငံ ပန့်လန်းဒေသ၌ တည်ရှိသည်။

***အမ်အင်အေ၊ ရိုက်တာ။***

## ဘာရာဇီးနိုင်ငံ၌ ဟိုတယ်ခေါင်မိုးပြိုကျ

**ရီယိုဒီဂျနေးရိုး မတ် ၁**

ဘာရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ တနင်္လာနေ့က ဟိုတယ်တစ်လုံး၏ ခေါင်မိုးပြိုကျရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိသွားကြောင်း ကယ်ဆယ်ရေး အလုပ်သမားများက ပြောကြားသည်။ အဆိုပါ ဟိုတယ်မှာ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်ကနေဒါဖြစ်ပြီး ကိုပါကာဘားနားကမ်းခြေအနီးတွင် တည်ရှိသည်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်တည်းခိုသည့် ဟိုတယ်လည်းဖြစ်သည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများမှာ လမ်းသွားလမ်းလာများသို့မဟုတ် ဧည့်သည်များဖြစ်သည်ကို မသိရသေးကြောင်း မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်နစ္စတန်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

**ပါရီ မတ် ၁**

အာဖဂန်နစ္စတန်နိုင်ငံ ပြည်နယ်နှစ်ခု၌ ဖြစ်ပွားခဲ့သည့် ကြက်ငှက်များ သေဆုံးမှုမှာ ကြက်ငှက်တုပ်ကွေးရောဂါ $H_5N_1$ ဗိုင်းရပ်စ်ကြောင့် ဖြစ်ကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(အိုအိုင်အီး) က သောကြာနေ့တွင် အတည်ပြု ပြောကြားသည်။

အာဖဂန် နစ္စတန်နိုင်ငံ နန်ဂါဟာနှင့် ကူနာပြည်နယ်တို့၌ မွေးမြူရေးခြံနှစ်ခြံရှိ ကြက် ငှက် ၂၀၂ကောင်အနက် ကြက်ဆင် ၇၃ကောင် သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနမှ ရရှိသော သတင်းများကို အခြေခံလျက် အိုအိုင်အီးက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရန်အရေး ကမ္ဘာ့အင်အားကြီးနိုင်ငံများ ဆွေးနွေး

**လန်ဒန် မတ် ၁**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဗြိတိန်၊ တရုတ်၊ ရုရှားတို့မှ ကိုယ်စားလှယ်များသည် ဂျာမနီနိုင်ငံမှ ကိုယ်စားလှယ်များနှင့်အတူ အီရန်နိုင်ငံနှင့်ပတ်သက်၍ နောက်ထပ်အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးကြသည်။

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ရေး အစီအစဉ်ကို ချမှတ်ထားသည့် လမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရပ်ဆိုင်းမည် မဟုတ်ဟု အီရန်သမ္မတ အာမက်ဒိန်ရက်က တနင်္ဂနွေနေ့တွင် ကြေညာခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ အင်အားကြီးနိုင်ငံများက အီရန်မှ အဆင့်မြင့်တာဝန်ရှိ ပုဂ္ဂိုလ်များအပေါ် ခရီးသွားမှု နောက်ထပ်ပိတ်ပင်ပြီး လက်ရှိအားဖြင့်နျူကလီးယားနည်းပညာလွှဲပြောင်းမှုအပေါ် ပိတ်ဆို့ထားမှုအပြင် နျူကလီးယား မဟုတ်သည့် စီးပွားရေးလုပ်ငန်းများပေါ်တွင် အရေးယူ ကန့်သတ်မှုများ ပြုလုပ်ရန်အတွက် ဆွေးနွေးဖွယ်ရှိသည်ဟု အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ ညွှန်ကြားရေးမှူးချုပ် အယ်လ်ဘာရာဒေးသည် ယင်းအေဂျင်စီ၏ အုပ်ချုပ်ရေးမှူးများကောင်စီနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတစ်စောင်ကို ကြာသပတေးနေ့က တင်သွင်းခဲ့သည်။ ယင်းအစီရင်ခံစာတွင် ကုလသမဂ္ဂက ယူရေနီယံသန့်စင်ရေးလုပ်ငန်းများ ရပ်ဆိုင်းရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်အမှတ် ၁၇၃၇ကို အီရန်နိုင်ငံအနေဖြင့် လေးစားလိုက်နာခြင်းမရှိဟု ဖော်ပြထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသ ကျေးရွာတစ်ရွာ၌ မွေးမြူထားသော ဝက်ဝံများအား အစာကျွေးနေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဟောင်ကောင်၌ ယာဉ်တိုက်မှုဖြစ်ပွား

**ဟောင်ကောင် မတ် ၁**

ဟောင်ကောင်၌ စနေနေ့ညက ဘတ်စ်ကားသုံးစီးနှင့် တက္ကစီကားတစ်စီးတို့တိုက်မိရာ လူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယင်းယာဉ်တိုက်မှုမှာ ကွိုင်ချွန်ကုန်တင်ဆိပ်ခံတံတားအနီး၌ စနေနေ့ည ၉နာရီခန့်ကဖြစ်ပွားခဲ့သည်။ ဒဏ်ရာရရှိသူအားလုံးကို ဆေးရုံသို့တင်ပို့လိုက်ပြီး အမှုကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီတလီဝန်ကြီးချုပ် ပရိုဒီ အယုံအကြည်မရှိအဆို အနိုင်ရ

**လန်ဒန် မတ် ၁**

အီတလီဝန်ကြီးချုပ် ရိုမာနိုပရိုဒီအပေါ် အယုံအကြည်မရှိအဆိုနှင့်ပတ်သက်၍ ဆီးနိတ်လွှတ်တော်၌ မဲခွဲရာ ဝန်ကြီးချုပ်က အနိုင်ရရှိသွားသည့်အတွက် လက်ရှိရာထူးတွင် ဆက်လက်တာဝန်ယူရန် အခွင့်အရေးရရှိသွားပြီဖြစ်သည်။

ဆီးနိတ်၌ မဲခွဲရာတွင် ဝန်ကြီးချုပ်ပရိုဒီက ထောက်ခံမဲ ၁၆၂ မဲရရှိပြီး ကန့်ကွက်မဲ ၁၅၇ မဲဖြင့် အနိုင်ရရှိသွားသည်။

**အလားအလာများ**

သမ္မတ ဂျီရောဂျီအို နပိုလီတာနိုကလည်း ၎င်းအား လက်ရှိ ဝန်ကြီးချုပ်တာဝန်ကို ဆက်လက်တာဝန်ယူရန် တိုက်တွန်းခဲ့သည်။ ဝန်ကြီးချုပ်၏ ရာထူးနှင့်ပတ်သက်၍ အောက်လွှတ်တော်၌လည်း ယနေ့ ဆက်လက်မဲခွဲဆုံးဖြတ်ရဦးမည်ဖြစ်သည်။ အောက်လွှတ်တော်တွင် ဝန်ကြီးချုပ်အား ထောက်ခံမှုများပြားသဖြင့် ၎င်းအနေဖြင့် အနိုင်ရရှိရန် အလားအလာများလျက်ရှိသည်။

***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# တရားမဝင်တင်သွင်းတင်ပို့မှုများကို တားဆီးကြပ်မတ် အခွန်ငွေများ ပြည့်ဝမှန်ကန်စွာရရှိစေရန် ထိရောက်ထက်မြက်စွာဆောင်ရွက်

ရန်ကုန် မတ် ၁

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်အမှုထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမဦကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဝင်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် အကောက်ခွန်အမှုထမ်း သင်တန်းသားများ တက်ရောက်ကြသည်။**

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင်**(အပေါ်ပုံ)** သင်တန်းတွင် ဆည်းပူးလေ့လာခဲ့သည့် လုပ်ငန်းတာဝန်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချကြရန်ဖြစ်ကြောင်း၊ တရားမဝင် တင်သွင်းတင်ပို့မှုများကို တားဆီးစိစစ်ကြပ်မတ်ခြင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ပြည့်ဝမှန်ကန်စွာရရှိစေရန် စည်းကြပ်ကောက်ခံခြင်း၊ လုပ်ငန်းတာဝန်ကြီးများကို ထိရောက်ထက်မြက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အခွန်ဘဏ္ဍာငွေများရှာဖွေသည့် တာဝန်များထမ်းရွက်ရာတွင် စိတ်ထားရိုးဖြောင့် မှန်ကန်မှုနှင့် တာဝန်သိမှုတို့က အထူးအရေးကြီးကြောင်း အကျယ်တဝင့်ပြောကြားပြီး သင်တန်းသား စံပြဆုရ အကောက်ခွန်ထိန်းဦးဇော်မျိုးကျော်၊ သင်တန်းသားပထမဆုရ အကောက်ခွန်ထိန်း ဦးမျိုးထက်အောင်၊ ဒုတိယဆုရ အကောက်ခွန်ထိန်း ဦးကျော်ငြိမ်းဟန်၊ သေနတ်ပစ်ထူးချွန်ဆုရ အကောက်ခွန်ထိန်း ဦးဇော်ရဲအောင်၊ စစ်ရေးပြ ထူးချွန်ဆုရ အကောက်ခွန်ထိန်း ဦးစည်သူထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ် နှစ်ဦးအား ပေးအပ်သည်။

**ဖွင့်လှစ်ပို့ချ**

အကောက်ခွန်အမှုထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁)ကို ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၃ရက်မှ ၂၀၀၇ခုနှစ် မတ် ၁ရက်အထိ လေးလကြာ ဖွင့်လှစ်ပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၄၀၅ ဦးအား ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ လေ့ကျင့် သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အောင်ဘာလေ ကံထူးရှင်များရွေးချယ်

**ရန်ကုန် မတ် ၁**

(၂၁၈)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ၁-၃-၂၀၀၇ နေ့ ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၅၀၀)**

ဘ-၃၀၄၅၈၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ**

သ-၈၃၈၂၀၁
န-၄၄၅၈၄၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ**

ဂ-၂၈၈၀၆၄
ဖ-၇၆၇၁၄၈
ဗ-၅၉၂၁၃၂
ဍ-၉၃၅၇၆၈

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ**

က-၆၅၁၆၇၇
ဏ-၇၉၈၉၆၇
ဖ-၄၀၆၇၀၉
ထ-၄၀၁၈၆၀
ဗ-၉၆၀၇၅၃
ည-၂၉၁၁၂၉
ဃ-၉၆၈၁၆၁
ဆ-၂၇၇၃၈၀
ည-၆၀၉၆၉၈
သ-၄၉၁၆၆၈
က-၆၄၁၁၃၉
ဏ-၆၆၅၀၉၁
ယ-၁၁၃၆၃၈
လ-၉၈၆၆၃၅
ဋ-၃၅၉၃၁၆

**ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ**

ဖ-၉၆၃၃၂၈
ဗ-၂၀၉၆၆၃
ရ-၁၇၅၂၅၀
င-၃၄၃၅၄၁
သ-၅၂၂၄၃၈
ဈ-၃၉၁၄၉၂
မ-၃၅၆၀၇၁
ဟ-၅၇၅၆၂၄
ပ-၇၄၉၉၈၁
ဟ-၈၅၁၈၃၇
ဂ-၅၈၈၂၅၂
ဘ-၃၄၆၁၈၅
ယ-၄၆၉၀၃၆
သ-၆၅၄၂၆၉
ည-၈၀၇၀၀၄
မ-၈၄၀၂၀၃
က-၂၉၈၁၈၉

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၃-၂၀၀၇ (သောကြာနေ့)**

၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅ ခဲယဉ်းတရားရရှိကြောင်း မမှားကြစေနဲ့တရားတော် (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)(အပိုင်း-၂)
၇း၅၅ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်
၈း၁၀ တေးဂီတအစီအစဉ်
၈း၁၅ Myanmar Video Rhythm
၉း၀၅ ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ မေတ္တာကိုအခြေပြု နယ်လှည့်လို့ကုတဲ့ယာဉ် (တောင်ကုတ်ခရီးစဉ်)
၉း၄၅ တေးဂီတအစီအစဉ်
၉း၅၀ ၂၀၀၄ခုနှစ်၏အကောင်းဆုံး ဇာတ်ညွှန်းဆုရ "ဦးငြိမ်းမင်း"နှင့်တွေ့ဆုံခြင်း
၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ(Sixth Annual Art Show of Hinnthar Art Gallery)
၁၁း၀၀ တေးဂီတအစီအစဉ်
၁၁း၀၅ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၁း၁၅ မိုးလေဝသခန့်မှန်းချက်
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ ယဉ်ကျေးမှုလက်ရာစုံစွာ ဘုရားအာနန္ဒာ
၁၁း၄၀ တေးဂီတအစီအစဉ်
၁၁း၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၂း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၀ တေးဂီတအစီအစဉ်
၁၂း၁၅ နည်းပညာစွမ်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်မည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(အပိုင်း-၂)
၁၂း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀ မြန်မာနိုင်ငံရဲ့စပါးကျီ တိုင်းဧရာဝတီ
၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## လေပြင်းတိုက်ခတ်မည့် သတိပေးချက်ကြေညာ

**နေပြည်တော် မတ် ၁**

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့၌ မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။

**နေရာကွက်၍ မိုးကြီးနိုင်**

လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၅၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)

## အင်တာနက် ကျန်းမာရေးသတင်း

### ဆေးဝါးအတု ဈေးကွက်ကြီးထွားနေကြောင်း သတိပေး

ကုလသမဂ္ဂ မတ် ၁

ဖွံ့ဖြိုးဆဲနိုင်ငံဈေးကွက်များတွင် ဆေးဝါးအတုများ အများအပြားဝင်ရောက်လျက်ရှိသည့်အတွက် အသက်အန္တရာယ်ဖြစ်စေလောက်သည့် ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကိုတွေ့ရကြောင်း ကုလသမဂ္ဂ၏ လေ့လာချက်တွင် ဖော်ပြထားသည်။

အထက်ဖော်ပြပါ လေ့လာမှုကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က လေ့လာတင်ပြခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဆေးဝါးဈေးကွက်တွင် ရောင်းချနေသော ဆေးဝါးများ၏ ၅၀ ရာခိုင်နှုန်းမှာ ဆေးဝါးအတုများဖြစ်သည်ဟု ဆိုသည်။

ကမ္ဘာ့နိုင်ငံအစိုးရများအနေဖြင့် လက်ရှိကျင့်သုံးနေသော ဆေးဝါးဆိုင်ရာ ဥပဒေများကို ပို၍ထိရောက်အောင် အားဖြည့်ဆောင်ရွက်ခြင်း ပြုလုပ်ရမည့်အပြင် အင်တာနက်မှ ဆေးဝါးများ တရားမဝင် ရောင်းချနေမှုကိုလည်း ပိတ်ပင်သွားရန် လိုအပ်မည်ဟု ဆိုသည်။

ဆေးဝါးအတုများကို ဖြန့်ချိရာ၌ အမြန်ချောပို့စနစ်ကဲ့သို့သော နည်းလမ်း၊ ရိုးရိုးချောပို့စနစ်ကဲ့သို့သော နည်းလမ်းနှင့် ပြည်တွင်းဈေးကွက်တွင် သမားရိုးကျ ဖြန့်ဖြူးပေးသောနည်းလမ်းများကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ လေ့လာချက်များအရ ဆေးဝါးအတုဈေးကွက် ကျယ်ပြန့်လာသည့်နှုန်းသည် မြန်ဆန်လျက်ရှိကြောင်း သိရသည်။

**ဈေးကွက်တင်ရောင်းချနေသော အန္တရာယ်ကို ဖိတ်ခေါ်နေသည့် ဆေးဝါးအတုများ။** *(ဓာတ်ပုံ-အင်တာနက်)*

ထိုဆေးဝါးအတုများသည် ထိရောက်မှုမရှိသည်သာမက အဆင့်အတန်းလည်း နိမ့်ကျသည့် ပစ္စည်းများဖြစ်၍ တစ်ခါတစ်ရံ ဝယ်ယူသုံးစွဲသူလူနာများကို အသက်အန္တရာယ်ဖြစ်စေသည်အထိ ဒုက္ခပေးနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အင်တာနက်***

## The LIVE NEWS ဂျာနယ် အမှတ် (၂၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁

ရွှေပြည်စိုး စာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၂၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

တာချီလိတ်မှ မိုင်းဖြတ်-ကျိုင်းတုံသို့၊ မိဘမဲ့ကလေးများအတွက် ရန်ပုံငွေဈေးရောင်းပွဲတော်ကြီး အောင်မြင်စွာကျင်းပပြီးစီး၊ အနုပညာမြောက်သော ဘွန်ဇိုင်းသစ်ပင် စိုက်ပျိုးခြင်းဖြင့် စိတ်သောက အပူအပင်များ ကင်းဝေးနိုင်၊ ဒီဂျစ်တယ်ကင်မရာများတွင် အားသာချက်များရှိနေသော်လည်း ဈေးနှုန်းအရ လူတိုင်းဝယ်ကိုင်ရန် မဖြစ်နိုင်သေး၊ ပန်းမျိုးစုံလင် သီရိနန္ဒာပျိုးဥယျာဉ်၊ ရန်ကုန်မြို့ကြီးရဲ့ ရှေးဦးကာလကနယ်ချဲ့တို့ရဲ့ စီးပွားရေးဈေးကွက်၊ မင်္ဂလာပါ၊ စင်ကာပူမှ ကမ္ဘာ့အကြီးဆုံး ချားရဟတ်ကြီး၊ ဗြိတိသျှနန်းလျာမင်းသား ဟယ်ရီ အီရတ်စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ရမည်၊ အမေရိကန်ဒုံးပျံကာကွယ်ရေးစနစ် ဗြိတိန်တွင် ဖြန့်ကြက်ချထားရေး တိုနီဘလဲ ကြိုးပမ်းလျက်ရှိ၊ အီရတ်စစ်ဆင်ရေး အရှိန်မြှင့်တင်မှု အမှန်တကယ်လုံခြုံရေးကို ဆောင်ကြဉ်းပေးနိုင်ပါမည်လော၊ အမေရိကန်နိုင်ငံမှ ထုတ်လုပ်သည့် မြေပဲထောပတ်နှစ်မျိုးအား တရုတ်ကျန်းမာရေးဌာနမှ တားမြစ်ပိတ်ပင်၊ အကြီးအကျယ် ဆူလောင်မြည်ဟိန်းသွားသော ပစိဖိတ်သမုဒ္ဒရာ၊ ယမ်းငွေ့အကြားမှ အိန္ဒိယ-ပါကစ္စတန် ဆက်ဆံရေး၊ ရောင်းမစွံသည့် ဈေးသည်ကြီး ဒစ်ချေနီ၊ တက္ကစီမင်းနှင့် ကားပွဲစား ဇနီးမောင်နှံ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို၊ ကိုကိုလှိုင်၊ မြင်းမူမောင်နိုင်မိုး၊ မောင်မြတ်မွန်(ဆူးလေ)၊ မသဲဖြူ(ရွှေဘို)၊ မောင်နေလင်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မမြခက်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ် သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# သိပ္ပံနှင့်နည်းပညာတိုးတက်မှု၊ အရည်အသွေးမြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံမှုကသာ အမျိုးသားစီးပွားရေးဓနအင်အား တိုးတက်ခိုင်မာလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်စွမ်းဆောင်နိုင်မည်

နေပြည်တော် မတ် ၁

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံတွင် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာများ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ပညာရပ်ဆိုင်ရာစွမ်းအားနှင့် တစ်ရှိန်ထိုးမြှင့်တင်နိုင်စေရအောင်၊ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှု take-off ဖြစ်စေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဤလိုအခြေအနေအချိန်အခါမျိုးတွင် ဝိဇ္ဇာသိပ္ပံပညာရှင်များ၊ ဆေးသိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ၊ ရေကြောင်း၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရှင်တွေ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဆိုင်ရာပညာရှင်များ စသည့် အရည်အသွေးမြင့်လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံတွင် အင်နှင့်အားနှင့် ပြည့်စုံပြီးထောင်မွေးထုတ်ထားနိုင်ရန် အလွန်ပင်အရေးကြီးကြောင်း။

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသားစံပြဆုရ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဦးခိုင်မျိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာရပ်များ ခေတ်နှင့် လျော်ညီစွာ တိုးတက်ထွန်းကားမှု၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြည့်စုံလုံလောက်မှု စွမ်းအားများကသာလျှင် အမျိုးသားစီးပွားရေး ဓနအင်အား တိုးတက်ခိုင်မာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရအောင် စွမ်းဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

ဤလိုအခြေအနေအချိန်အခါမျိုးတွင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် သာမန်ကြိုးပမ်းအားထုတ်မှုမျှဖြင့် မလုံလောက်နိုင်ဘဲ ပညာရေးကို အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲမြှင့်တင်ပေးနိုင်မှသာ မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားအောင်၊ အမျိုးသားဓနအင်အား ပြည့်ဝခိုင်မာအောင် စွမ်းဆောင်ပေးနိုင်မည့် အပြင် တိုင်းတစ်ပါးကသြဇာပေး စွက်ဖက်ခြယ်လှယ်မှု၊ ဖိအားပေးအကျပ်ကိုင်မှုများကို ရင်ဆိုင်တွန်းလှန်နိုင်သည့် စွမ်းရည်ရော စိတ်ဓာတ်နှင့်ပါ ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

**ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အရည်အသွေးမြင့်မားသည့်လူ့စွမ်းအား အရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၊ နေရာဒေသစုံတွင် အင်အားကြီးမားကျယ်ပြန့်ခိုင်ခံ့စွာ ဖြစ်ထွန်းလာစေရန် ရည်မှန်းပြီး အခြေခံပညာသင်ယူခွင့်အခွင့်အလမ်းများကို ကျေးလက်အထိရောက်အောင်၊ အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းများကို ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အခြာဒေသများ အထိရောက်အောင် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များကို စနစ်တကျ ဖြန့်ကြက်လွှမ်းခြုံဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။**

ပေါ်ထွန်းလာသည့် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် နယ်မြေဒေသမရွေး ပညာရည်အရည်အသွေး ညီညွတ်မျှတစေရန်အတွက်လည်း Multi-media Classroom များ၊ e-Learning Centre များ ခေတ်မီဓာတ်ခွဲခန်းများ၊ လက်တွေ့ခန်းနှင့် အလုပ်ရုံများကို ဆိုင်ရာဆိုင်ရာအဆင့်များနှင့် လျော်ညီစွာ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် အဆင့်မြင့်နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံတွေအနေနဲ့ Data-broadcasting system နဲ့ Computer Network တွေကိုလည်း ဖန်တီးပေးထားပြီး ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း နိုင်ငံတော်၌ တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံနှင့် နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ တက္ကသိုလ်ကောလိပ် အသီးသီး၌ ပညာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ပေးထားပြီး အဆင့်မြင့်သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်နေသကဲ့သို့ ပညာရပ်အလိုက် တက္ကသိုလ် အသီးသီးကိုလည်း တိုးချဲ့ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အဆင့်မြင့်ပညာကဏ္ဍ၏ "အခွင့်အလမ်းပွင့်၊ အရည် အသွေးမြင့်၊ ပညာခက်ဖြာ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရပ်ဆိုင်ရာ Diversification and specialization ကို ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖော်ဆောင်သွားနိုင်မည့် အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို စနစ်တကျ ဖန်တီးပေးထားခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမတို့အနေဖြင့် နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးထားသည့် ပညာရပ်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေးပတ်ဝန်းကျင်ကောင်းများကို ပညာရည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိ ထိရောက်စွာ အစွမ်းကုန်အသုံးပြုသွားကြရန်၊ ဤလိုအသုံးပြုနိုင်သည့် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးရန် လိုအပ်သည့် Facilities များ တိုးပွားလာအောင် စီမံဆောင်ရွက်ကြရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပညာရပ်ဆိုင်ရာ နယ်ပယ်ကဏ္ဍ စုံလင်အောင်လုပ်ရင်း ပညာရပ်နယ်ပယ်စုံတွင် ပညာရှင်များ တိုးပွားဖြစ်ထွန်းလာအောင်၊ intensive learning အနေနှင့် သုတေသနလုပ်ငန်းများ တိုးပွားလာအောင် တက္ကသိုလ်၊ ကောလိပ်များအလိုက် ရေတိုရေရှည် စီမံချက်များချမှတ်ပြီး ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်တိုင်းသည် ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် ပိုမိုမြင့်မားသည့်ပညာကို လေ့လာနေသည့် ကြီးမားကျယ်ပြန့်ပြီး အရည်အသွေးမြင့်မားသော လူစွမ်းအားအရင်းအမြစ် အစုအဝေးစွမ်းအားစုကြီးအဖြစ် ဖြစ်ထွန်းနေစေရန်လိုကြောင်း။ ဤအတွက် ပညာရေးနယ်ပယ်နှင့် လူ့ဘောင်အဖွဲ့အစည်း ဆက်စပ်ပေးရမည်ဖြစ်သကဲ့သို့ ပညာရေးနယ်ပယ် အချင်းချင်း၊ တက္ကသိုလ်၊ ကောလိပ်အချင်းချင်း ကွန်ရက်သဖွယ် ချိတ်ဆက်ပြီး အစဉ်ထာဝရ သက်ဝင်လှုပ်ရှားနေသည့် ပညာမျှဝေပြန့်ပွားမှုဖြစ်စဉ်တစ်ရပ် ပီပီပြင်ပြင် ဖြစ်ထွန်းနေစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

**တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများအားလုံးကလည်း မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားမှု၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းများ ဖန်တီးဖော်ဆောင်ပေးနိုင်မည့် အမျိုးသားပညာရည်မြင့်မားမှု၊ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားပေါ်ထွန်းမှု စွမ်းအားကောင်းများ တိုးတက်ဖြစ်ထွန်းနေစေရအောင် အမျိုးသားရေးအသိနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု ပြောကြားသွားသည်။**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရကျောင်းသား အမှတ် အီး-၆၃ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဦးခိုင်မျိုးနှင့် သင်တန်းသူ စံပြဆုရကျောင်းသူ အမှတ် အေ-၁၅၁ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်သက်စုမြတ်တို့အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကျောင်းသား အမှတ် အီး-၅၇ ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ လက်ထောက်ကထိက ဦးဝင်းမင်းသန်းနှင့် သင်တန်းသူ ဖွဲ့လုံ့လဆုရရှိကြသော ကျောင်းသူ အမှတ် ဘီ-၁၀၁ ပညာရေးဝန်ကြီးဌာန ရတနာပုံတက္ကသိုလ်မှ ကထိက (ဌာနမှူး) ဒေါ်စန္ဒာဦးနှင့် ကျောင်းသူအမှတ် ဘီ-၁၂၉ ပညာရေးဝန်ကြီးဌာန မိတ္ထီလာတက္ကသိုလ်မှ ကထိက ဒေါ်ခင်ပုလဲတို့ အားလည်းကောင်း၊ စံပြအဆောင် ဆုရ သင်တန်းသားတပ်ခွဲ အမှတ်(၁) အဆောင်(၆)နှင့် သင်တန်းသူတပ်ခွဲ အမှတ်(၅) အဆောင် (၈)တို့အားလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်များက လက်ခံရယူကြသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) နှင့် ပုဂံရှေးဟောင်း ဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှူဒါန်းငွေ၊ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကိုယ်စားလှယ်များက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၆၄ ဦးနှင့် သင်တန်းသူ ၇၄၉ ဦး စုစုပေါင်း ၉၁၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**မရမ်းကုန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် မြို့နယ်ဘက်စုံပညာထူးချွန်ဆု ပထမ၊ မြို့နယ် စာပေဘာသာရပ်ထူးချွန်ဆု (ဘာသာရပ်ပေါင်း) ပထမနှင့် မြို့နယ် ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆု ပထမရရှိသူ မအိအိထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးမြသန်းဆုချီးမြှင့်စဉ်။**(ပညာရေး)

## မြိုင်ဆရာတော် တရားပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁**

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဓမ္မကထိက၊ ဗဟုဇနဟိတရေး၏တပည့်၊ မြိုင်ဆရာတော် အရှင်ပညာဇောတ ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် မတ် ၂ ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲ ရေစက်ချ ဓမ္မသဘင်နှင့် မတ် ၃ ရက်တွင် သန်လျင်မြို့ မင်းကျောင်းစာသင်တိုက် ဓမ္မသဘင်တို့၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်။ (က-ပ)

# သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်**

ရန်ကုန် မတ် ၁

၁။ **ကမ္ဘာတစ်ဝန်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု**

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သော ရောဂါ Zoonosis ဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစတင်၍ အာရှ၊ ဥရောပနိုင်ငံ ၅၆ နိုင်ငံသို့ ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၇-၂-၂၀၀၇နေ့အထိ နိုင်ငံ ၁၂ နိုင်ငံတွင် လူ ၂၇၅ ဦး ကူးစက်ခဲ့ပြီး လူ ၁၆၇ ဦး အသက်ဆုံးရှုံးခဲ့သည်။

၂။ **မြန်မာနိုင်ငံ၏အခြေအနေ**

(က) **၂၀၀၆ခုနှစ်။** မြန်မာနိုင်ငံအလယ်ပိုင်းတွင် ၈-၃-၂၀၀၆မှ ၇-၄-၂၀၀၆ နေ့အထိ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သည်။ ၂၄-၂-၂၀၀၆နေ့မှစ၍ ရောဂါထိန်းချုပ်နိုင်ခဲ့ပြီးနောက် $H_5N_1$ ဗိုင်းရပ်(စ်)ပိုး အကြွင်းအကျန်ရှိ၊ မရှိ၊ ဒေသအတွင်း ခိုအောင်းလည်ပတ်မှုရှိ၊ မရှိ ရောဂါရှာဖွေစစ်ဆေးပြီးနောက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE) ၏ ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေနှင့်အညီ ၄-၉-၂၀၀၆နေ့ ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းကြောင်း ကြေညာနိုင်ခဲ့သည်။

(ခ) **၂၀၀၇ခုနှစ်**

(၁) **သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု။** ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ကောင်ရေ ၁၃၀၀ခန့်မွေး မြူထားရှိပြီး ၂၇-၂-၂၀၀၇နေ့ ကြက်သေဆုံးမှုအချို့ရှိခဲ့၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ရန်ကုန်တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းသို့ ကြက်သေပေးပို့ရောဂါစစ်ဆေးခဲ့ရာ သံသယဖြစ်ဖွယ် $H_5N_1$ ဗိုင်းရပ်(စ်)ပိုး တွေ့ရှိရသဖြင့် Suspected Case အဖြစ် သတ်မှတ်ပြီး ရောဂါအတည်ပြုစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

(၂) **ရောဂါဖြစ်ပွားမှု အရင်းအမြစ်။** ရှာဖွေဖော်ထုတ်ဆဲဖြစ်ပြီး ကွင်းဆင်း ရောဂါရှာဖွေစူးစမ်းလေ့လာမှုအရ ကြက်ခြံအကာအရံထားရှိသော်လည်း အကာအရံပျက်စီးနေသဖြင့် ကြက်ခြံအတွင်းဒေသခံကြီး၊ စာကလေးအဝင်အထွက်များပြားကာ ရောဂါသယ်ဆောင်ကူးစက်မှု ဖြစ်စေနိုင်ကြောင်း၊ ကြက်ခြံအနီးရှိ ရေအိုင်တွင် ဘဲများမွေးမြူလျက် ဘဲ၊ ကျီးကန်းများ ထွေးရောယှက်တင်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

(၃) **ရောဂါအန္တရာယ်ကြိုတင်ကာကွယ်တားဆီးခြင်း Risk Prevention။** ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေး အစီအမံအရ အဆိုပါသံသယဖြစ်ဖွယ် ကြက်ခြံမှ ကြက်များအား ဖျက်ဆီးမြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ထားရှိသည်။

(၄) **ကန့်သတ်ဇုန် Restricted Zone။** ရောဂါဖြစ်ခြံ၏ ပတ်ဝန်းကျင်တစ်ကီလိုမီတာသတ်မှတ်၍ ၎င်းဇုန်အတွင်း ရောဂါဖြစ်ကြက်ခြံနှင့် သံသယဖြစ်ဖွယ်ကြက်ခြံများရှိ ကြက်များကို ဖျက်ဆီးခြင်း၊ မြေမြှုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သွားမည်။ ကွင်းဆင်းစစ်ဆေးချက်နှင့် စာရင်းကိန်းဂဏန်းများအရ မရမ်းကုန်းမြို့နယ် ကန့်သတ်ဇုန်အတွင်း အခြားကြက်မွေးမြူရေးခြံများ မရှိကြောင်း စိစစ်တွေ့ရှိရသည်။

(၅) **ထိန်းချုပ်ရေးဇုန် Control Zone။** ရောဂါဖြစ်ခြံ၏ ပတ်ဝန်းကျင် တစ်ကီလိုမီတာမှ (၁၀)ကီလိုမီတာအတွင်း သတ်မှတ်ထားရှိသော်လည်း မြန်မာနိုင်ငံ၏ မြို့နယ်အလိုက် ဘက်စုံစီမံခန့်ခွဲမှုဆိုင်ရာဖွဲ့စည်းဆောင်ရွက်မှုအရ မရမ်းကုန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်များအား ထိန်းချုပ်ရေးဇုန်အဖြစ် သတ်မှတ်၍ မြို့နယ်အတွင်း ဈေးများတွင် ကြက်၊ ဘဲဒိုင်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သားအရောင်းဆိုင်များ ရက်သတ္တပတ် သုံးပတ် ယာယီပိတ်ပင်ခြင်း၊ ကြက်အဝင်အထွက်၊ အရွှေ့အပြောင်း ကန့်သတ်ခြင်းများကို သက်ဆိုင်သည့် ဒေသအာဏာပိုင် ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ညှိနှိုင်း၍လည်းကောင်း စီမံဆောင်ရွက်သွားမည်။

၃။ **ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး တိရစ္ဆာန်ကျန်းမာရေးသတိ**

**(က) ရန်ကုန်တိုင်းအတွင်းရှိ ကြက်ခြံများသို့ ပြင်ပလူအဝင်အထွက်မရှိရေး၊ ဒေသခံငှက်၊ ကျီးကန်း၊ ခို၊ စာကလေး ဝင်ရောက်မှုမရှိရေး စီမံဆောင်ရွက်ရန်။**

**(ခ) ကြက်မှလူသို့ ကူးစက်နိုင်မှု ရောဂါအန္တရာယ်ကြိုတင် တားဆီးကာကွယ်နိုင်ရေးအတွက် ကြက်ခြံနှင့် လူနေအိမ် သီးခြားထားရှိရေး၊ ကြက်ခြံတွင် လူနေထိုင်အိပ်စက်မှုမရှိရေး၊ ကြက်၊ဘဲအရှင်ဒိုင်များတွင် လူနေထိုင် အိပ်စက်မှုမရှိရေး သတိပြုစီမံဆောင်ရွက်ရန်။**

**(ဂ) ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ်သေဆုံးမှုများ ကြားသိတွေ့ရှိလျှင် အနီးဆုံးဒေသအာဏာပိုင် အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ချက်ချင်းအကြောင်းကြားရန်။**

**(ဃ) ကြက်သေဆုံးမှုရှိပါက ဈေးအတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်၊ ကြက်သေကောင်ကို စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းမပြုဘဲမြေမြှုပ်ရန်။**

**(င) ကြက်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ကျော့ပြန်ဖြစ်တတ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ အတွေ့အကြုံရယူ၍ ၂၀၀၇ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ဆက်သွယ်၍ ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်အရ စားသုံးမှုကို အန္တရာယ်မဖြစ်စေသည့် ပိုးသတ်ဆေးများ ကြက်ခြံပတ်ဝန်းကျင်ဖျန်းခြင်း၊ ကြက်ခြံများသို့ လူ၊ တိရစ္ဆာန်၊ ငှက်ရိုင်းများ အဝင်အထွက်အသွားအလာ ကန့်သတ်ထိန်းချုပ်ခြင်း စီမံဆောင်ရွက်ရန်။**

**(စ) ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ်ကင်းရှင်းရေးအတွက် ကြက်၊ဘဲ၊ အသား၊ကြက်ဥ၊ ဘဲဥကိုင်တွယ်ပြုပြင်ထုတ်လုပ်ရာတွင် လက်၊ခြေ ထိခိုက်ရှနာမှုမရှိရေး ဂရုပြုရန်၊ လက်ကိုဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရန်၊ သေချာစွာ ကျက်အောင်ချက်ပြုတ်စားသောက်ရန်။**

၄။ ကြက်၊ဘဲ၊ငုံး မွေးမြူထုတ်လုပ်သူ၊ ပြုပြင်သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

## အင်တာနက်ကျန်းမာရေးသတင်း

# စာနိုဖီကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးကို အမေရိကန်၌ အရေးပေါ်ကိစ္စတွင် သုံးစွဲရန် လက်ခံ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အစွမ်းအလွန်ထက်မြက်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးသစ် မပေါ်ပေါက်မီ အရေးပေါ်ကိစ္စများတွင် သုံးစွဲရန် လောလောဆယ် စမ်းသပ်ပြီးသားဖြစ်နေသည့် စာနိုဖီကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေး (Sanofi Vaccine)ကို အမေရိကန်၌လက်ခံအသုံးပြုသင့်ကြောင်း ပြည်ထောင်စုဆေးဝါးဆိုင်ရာ အကြံပေးအဖွဲ့က ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ထိုဆေးသည် ကြက်ငှက်တုပ်ကွေးရောဂါမှ ရာခိုင်နှုန်းပြည့် အကာအကွယ်ပေးနိုင်သော ဆေးမျိုးမဟုတ်သော်လည်း လူအတော်များများကို ရောဂါဘေးမှ ကာကွယ်ပေးနိုင်စရာရှိကြောင်း လေ့လာမှုများအရ သိရှိရသည်။ ဖော်ပြပါအချက်ကို အခြေခံ၍ ယင်းဆေးကို နိုင်ငံတွင် လက်ခံအသုံးပြုသင့်ကြောင်း၊ ၁၄မဲ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ စာနိုဖီကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးသည် အန္တရာယ်ကင်း ရှင်းစွာဖြင့် စိတ်ချလက်ချ အသုံးပြုနိုင်သော ဆေးဖြစ်ကြောင်းလည်း အတည်ပြုခဲ့သည်။

**ဆုံးဖြတ်**

ထိုဆေးကို လက်တွေ့အခြေအနေတွင် ထုတ်သုံးရသည့်အဆင့်သို့ ရောက်လာလိမ့်မည်မဟုတ်ဟု မိမိတို့မျှော်မှန်းသည်။ မည်သို့ပင်ဖြစ်စေကာမူ လတ်တလောအခြေအနေတွင် မိမိတို့လက်ဝယ်၌ အသင့်ထားရှိနိုင်သည့် တစ်မျိုးတည်းသော ကာကွယ်ဆေးဖြစ်၍ ယင်းဆေးကိုပင်သုံးစွဲသွားရန် ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဒေါက်တာမီလင်ဒါဝါတန်က ပြောကြားသည်။ ၎င်းသည် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဗဟို၏ အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သည်။

စာနိုဖီ ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးသည် အရေးကြုံလာလျှင် အားကိုးရသော ကာကွယ်ဆေးဖြစ်လာနိုင်သည်ဟု အစောပိုင်းတွင် အမေရိကန် အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ထိုမှတ်ချက်ထွက်ပေါ်လာပြီး မျှားမကြာမီမှာပင် ပြည်ထောင်စုဆေးဝါးဆိုင်ရာ အကြံပေးအဖွဲ့က လက်ခံအတည်ပြုလိုက်ခြင်းဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်လာလျှင် အရေးပေါ်သုံးစွဲနိုင်ရန် အတွက် ယင်းကာကွယ်ဆေးကို လူသန်း ၂၀ စာ အရန်သင့်ဝယ်ယူစီစဉ်ထားရန် သက်ဆိုင်ရာများက စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ လက်ရှိအခြေအနေတွင် ထိုကာကွယ်ဆေးကို စီးပွားဖြစ် ဈေးကွက်တင်ရောင်းချခြင်းမရှိသေးကြောင်း သိရသည်။

***အင်တာနက်။***

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးကို စမ်းသပ်လေ့လာစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*

# အထက(၁) လသာ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁**

အထက(၁) လသာကျောင်းတွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားဟောင်းများ ပြန်လည်ဆုံတွေ့၍ ၁၉၅၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြသည့် ကျေးဇူးရှင်သက်ပြည့်အငြိမ်းစားယူဆရာ၊ ဆရာမ ၁၀၀ တို့အား (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ်၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထ က(၁)လသာ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုစိန်ထွန်းလင်း ဖုန်း-၂၅၀၈၀၄၊ ဒေါက်တာ မြင့်ဦးသွယ်၊ ကိုအောင်ကြည် ဖုန်း-၂၄၅၃၀၈၊ ကိုအောင်ခိုင် ဖုန်း-၀၉၉၉၂၆၁၈၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

## * ကျောဖုံးမှ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ချီးမြှင့်တော်မူ

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ကုမာရအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့က နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာဘိဝံသအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တို့က နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိအား သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များ၊ တပ်မတော် အရာရှိကြီးများ၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩဘာသာ ဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြသည်။

ယင်းနောက် ဆွမ်းဆက်ကပ် လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ပြီး ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူး ကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

## လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## ဆက်ကပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆရာတော်ထံ သင်္ကန်း၊ သပိတ် အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများ ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

## မန္တလေး စီးပွားရေးလမ်းညွှန် ၂၀၀၇ စာအုပ်ထုတ်ဝေဖြန့်ချိ

**ရန်ကုန် မတ် ၁**

နှစ်စဉ် ထုတ်ဝေလျက်ရှိသော မန္တလေးစီးပွားရေးလမ်းညွှန် (Mandalay Business Directory) စာအုပ်**(ယာပုံ)**ကို ထုတ်ဝေဖြန့်ချိလိုက်သည်။




ယင်းစာအုပ်တွင် မန္တလေး အပါအဝင် မုံရွာ၊ ပခုက္ကူ၊ ရွှေဘို၊ ကလေး၊ တမူး၊ မကွေး၊ မြင်းခြံ၊ မိတ္ထီလာ၊ တောင်ကြီး၊ မိုးကုတ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ဗန်းမော်၊ ပုဂံ-ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်တွင်းကြီး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မတ္တရာမြို့များနှင့် ယင်းမြို့များနှင့် ဆက်စပ်လျက်ရှိသော မြို့များ အပါအဝင် အထက်မြန်မာပြည် မြို့ပေါင်း ၄၅ မြို့တို့၏ စီးပွားရေးလုပ်ငန်း၊ လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ် ၆၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာ အချက်အလက်ပေါင်း ၇၀၀၀၀ ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

မန္တလေး စီးပွားရေးလမ်းညွှန် စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

မန္တလေးစီးပွားရေးလမ်းညွှန်ကို အိတ်ချ်-၂၊ ပထမထပ်၊ လမ်း ၃၀ နှင့် ၇၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း-၀၂-၇၂၂၀၀ နှင့် အမှတ် (၁၄၅)၊ ၃၆ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၈၅၊ ၂၅၀၁၂၁ တို့မှ ဖြန့်ချိသည်။ (သတင်းစဉ်)

...အမျှပေးဝေ ...ဆက်ကပ် ...ဗုဒ္ဓသာသန် ...ဆုတောင်း

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော ပရိသတ်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

## ဘုရားဖြူ ဓမ္မသဘင်

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် ဘုရားဖြူစိန်ရတုစာတော်ပြန်ပွဲ ဆုနှင်းသဘင်အကြိုတရားပွဲများအဖြစ် မတ် ၃ရက်(စနေနေ့)တွင် ပါဠိကာရီဦးအင်္ဂီသကလည်းကောင်း၊ မတ် ၁၀ရက်(စနေနေ့)တွင် ရွှေပြည်ဟိန်း အရှင်ခေမာသိရီလင်္ကာရ(သီတဂူကြာတစ်ပွင့်)က လည်းကောင်း၊ မတ် ၁၇ရက်(စနေနေ့)တွင် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒကလည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ညစဉ် ၇ နာရီတွင် တရားတော်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များ ရန်ကုန်မြို့သို့ ကြွရောက်

ရန်ကုန် မတ် ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားများသို့ တက်ရောက်တော်မူကြမည့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန် ပြည်ထောင်စု၊ နီပေါနိုင်ငံနှင့် ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံတို့မှ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များသည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ကြွရောက်တော်မူလာကြသည်။

အဆိုပါ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များအား သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖူးမြော်ကြိုဆိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် မဟာသန္တိသုခကျောင်းတော်သို့ မော်တော်ယာဉ်များဖြင့် ကြိုဆိုပင့်ဆောင်ကြသည်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားများသို့ တက်ရောက်တော်မူကြမည့် ပြည်ပနိုင်ငံအသီးသီးမှ ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

## သံဃာတော်မြတ် မပြတ်ပူဇော်

မပျံ့လွင့်ကြ၊ မာနမရှိ
ကင်းဘိလျှပ်ပေါ်၊ ပြောသော်မကြမ်း
မြဲတမ်းနှုတ်စောင့်၊ တည်ဖြောင့်သတိ
တော်တည့်သိမြင်၊ စဉ်တည်ကြည်တုံ
အာရုံတစ်ခုတည်း၊ စောင့်စည်းဣန္ဒြေ
ဆယ်ထွေပြည့်ဝ၊ ဂမ္ဘီရမှတ်
ပရိသတ်ဟု၊ ညွှန်းပြုကျော်ကြား
သံဃာအားကို၊ ထူးခြားစဉ်သာ
ကိုးကွယ်ပါ၍ သာသနာထွန်းပ လင်းစေသော်။ ။

ဒေါက်တာသန်းဦး

## ...်ကပ်လှူဒါန်း

...ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ထံ ...ပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ...၀၇ စာအုပ်ထုတ်ဝေဖြန့်ချိ

...နှ် (Man- ...လိုက်သည်။ ...ူ၊ ရွှေဘို၊ ...၊ လားရှိုး၊ ...န်းတောင်း၊ ...မြို့များနှင့် ...မြန်မာပြည် ...လက်များ၊ ...ဉ်။

...န်ဆောင်မှု ...၀ကျော်နှင့် ...လည်း စုစည်း၍ ဖော်ပြထားသည်။ ...င့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် ...စေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်

...မ်း ၃၀နှင့် ၇၈ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ ...ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၉၅၊ ၂၅၀၁၂၁ (သတင်းစဉ်)

## ပုပ္ပားစကားဝါမြေ ဆရာတော်၏ တရားပွဲများ

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက်၏ နာယက စာချ သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် မတ် ၄ ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် မရက်ကုန်းကျေးရွာ အာစရိယပူဇော်ပွဲ၊ မတ် ၉ ရက်တွင် ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာမှ ဦးစန်းမြင့် - ဒေါ်မြင့်ဝင်း တို့၏ ရဟန်းခံ၊ ရှင်ပြုပွဲ၊ မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ပဲခူးတိုင်း ပေါင်းတလည်မြို့နယ် ဝန်တင်ဆိပ်၊ လက်ပန်ပု၊ ညောင်ပင်သာကျေးရွာတို့၏ ပဌာန်းသိမ်းအောင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

## ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဖွင့်ပွဲနှင့် ရှင်သာမဏေနှင့် သီလရှင်ဝတ်ပွဲ

ရန်ကုန် မတ် ၁

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လေးမြို့နယ်လုံးဆိုင်ရာ ထားဝယ်မြို့ မြို့မယဉ်ငေး သာသနာ့ရိပ်သာပဓာနနာယက ဆရာတော်များ ဦးစီးကြီးမှူး၍ နှစ်စဉ် တစ်လတိုင်တိုင် ကျင်းပလျက်ရှိသော (၉)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှု သင်တန်းဖွင့်ပွဲနှင့် ရှင်သာမဏေနှင့် သီလရှင်ဝတ်ပွဲ ကို (၁၃၆၈ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်) မတ် ၁၁ ရက် (တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်၊ ရေ၊ မီး၊ အလှူများကို လှူဒါန်းလိုသော အလှူရှင်များသည် ဗုဒ္ဓယဉ်ကျေး ကြီးပွားရေးအဖွဲ့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ကျောက်မော်ရပ်၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၁၂၆၇ သို့ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

## စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Hanse International Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် မတ် ၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာနေဝင်းမောင်က စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ၏တာဝန် ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၇(သောကြာနေ့)

၁၃၆၈ခုနှစ်၊ တပေါင်းလပြည့် (ဥပုသ်နေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူ အပ်သောဉပ္ပါတသန္တိပါဠိတော်**
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၀ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ English for Everyday Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ခုနှစ်)
၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅ ၆။ **"ရောင်ပြန်ဟပ်ခြင်း" (မင်းအုပ်စိုး၊ ကုသိုလ်) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၅း၂၅ ၇။ နှောင်းခေတ်တေးပဒေသာ
၆း၃၅ ၈။ ဓမ္မပူဇာတေးအစီအစဉ်
၅း၄၅ ၉။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၅)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ရင်ခုန်သံ (အပိုင်း-၃)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း-၁၇)**
၁၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်း လတပေါင်း (အပိုင်း-၂)
၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

# အစားအသောက် သန့်ရှင်းမှ ရောဂါဘယ ကင်းရှင်းကြ

ဒေါက်တာမြင့်မြင့် (အစာ/ ဆေးဝါး)
(အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန)

ကမ္ဘာတစ်ဝန်းမှာ ထောင်ပေါင်းများစွာသော လူတွေဟာ နေ့စဉ်သူတို့စားသုံးမိတဲ့ အစားအသောက်တွေကတစ်ဆင့် ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ အသည်းရောင်အသားဝါ(အေ)ရောဂါ၊ အစာအဆိပ်သင့်ရောဂါတွေ ဖြစ်ပွားလျက်ရှိပါတယ်။ ဒီရောဂါတွေ ဖြစ်ကြတာကလည်း အစားအသောက်ထဲမှာ ပါလာတဲ့ ဘက်တီးရီးယား၊ ဗိုင်းရပ်(စ်)၊ မှိုနဲ့ ကပ်ပါးပိုးစတဲ့ ရောဂါပိုးတွေကြောင့် ဖြစ်ပါတယ်။ ဒီပိုးမွှားလေးတွေက သာမန်မျက်စိနဲ့ မမြင်နိုင်ပါဘူး။ နေရာအနှံ့မှာ၊ ရေထဲမှာ၊ လေထဲမှာ၊ လက်ပေါ်မှာ၊ လူတွေရဲ့ ကိုယ်ခန္ဓာပေါ်မှာ ရှိနေတာပါ။

**ရောဂါပိုးတွေဟာ သူတို့ကြိုက်တဲ့ အစာအာဟာရနဲ့ အပူချိန်သာ ရရှိမယ်ဆိုရင် ၁၅မိနစ်ခန့်မှာ တစ်ကောင်ကနေ နှစ်ကောင်ဆိုပြီး နှစ်ဆပွားလာလိုက်တာ ခြောက်နာရီလောက်ကြာတဲ့အခါ အကောင်ရေ တစ်သန်းကျော်ပွားသွားနိုင်ပါတယ်။ ဒီရောဂါပိုးတွေရှိနေတဲ့ အစားအသောက်ကို စားမိမယ်ဆိုရင်တော့ ရောဂါတွေဖြစ်လာတော့တာပါပဲ။** ရောဂါပိုးတွေကလည်း အခန်းတွင်းအပူချိန်လို ခပ်နွေးနွေးဆိုရင် ပိုပွားလာပြီးတော့ အပူချိန်များရင် သေပါတယ်။ ရေခဲသေတ္တာထဲမှာထားရင်တော့ ပေါက်ပွားနှုန်း ရပ်တန့်သွားပါတယ်။

အစားအသောက်တစ်ခုကို ကြော်မယ်၊ ပွက်ပွက်ဆူအောင် ချက်မယ်ဆိုရင်တော့ ရှိနေတဲ့ရောဂါပိုးတွေ သေသွားပါတယ်။ဒါပေမယ့် မသန့်ရှင်းတဲ့ ပန်းကန်တို့၊ ဇွန်းတို့ကိုသုံးမယ်၊ မသန့်တဲ့လက်နဲ့နှိုက်စားမယ်ဆိုရင် ပန်းကန်နဲ့ လက်မှာရှိတဲ့ ရောဂါပိုးတွေပါ ဗိုက်ထဲကို ဝင်သွားနိုင်ပါတယ်။ ဇွန်းနဲ့ခပ်မြည်းပြီး ဇွန်းကို အိုးထဲပြန်ထည့်ရင် ပါးစပ်ထဲက ရောဂါပိုးတွေ အစားအသောက်ထဲ ဝင်သွားနိုင်ပါတယ်။ ဟင်းအိုး၊ အစားအသောက် ပန်းကန်စတာတွေကို အခန်းတွင်းအပူချိန်မှာ ဒီအတိုင်း မဖုံးအုပ်ဘဲထားလို့ ယင်ကောင်နားသွားရင် ယင်ကောင်မှာ ကပ်ပါလာတဲ့ ရောဂါပိုးတွေ ဝင်သွားပြီး အချိန်ကြာလာတာနဲ့အမျှ ရောဂါပိုးတွေ အများကြီးပွားလာပါတယ်။

**တချို့ရောဂါပိုးတွေက Toxinဆိုတဲ့ အဆိပ်တွေ ထုတ်နိုင်ပါတယ်။ ရောဂါပိုးတွေနဲ့ အဆိပ်တွေ ရှိနေပေမယ့်လည်း အစားအသောက်ရဲ့ အရောင်နဲ့အနံ့က မပြောင်းလဲပါဘူး။ ဒီအစားအသောက်ကို စားမိတဲ့သူမှာ အစာအဆိပ်ဖြစ်တဲ့ ရောဂါရဲ့ လက္ခဏာတွေဖြစ်တဲ့ ဝမ်းလျှောတာ၊ အန်တာတွေ ဖြစ်လာနိုင်ပါတယ်။** ရောဂါဖြစ်တယ် ဆိုတာကလည်း စားသုံးသူရဲ့ ကိုယ်ခံအား၊ ကိုယ်ခန္ဓာထဲကို ဝင်သွားတဲ့ ရောဂါပိုးအနည်းအများ၊ စားလိုက်တဲ့ အစားအသောက် ပမာဏနဲ့ ရောဂါပိုး အမျိုးအစားပေါ်မှာ မူတည်ပါတယ်။

ကလေးငယ်တွေ၊ အသက်ကြီးတဲ့သူတွေနဲ့ ကိုယ်ဝန်ဆောင်တွေ၊ တီဘီရောဂါ၊ ကင်ဆာရောဂါလို ရောဂါများအတွက် ဆေးအကြာကြီး သောက်နေရသူတွေဟာ ကိုယ်ခံအားနည်းနေတဲ့အတွက် ရောဂါပိုးနည်းနည်းဝင်လည်း ရောဂါရနိုင်ပါတယ်။ စားလိုက်တဲ့ အစားအသောက် ပမာဏများသွားရင်လည်း ရောဂါပိုးများများဝင်သွားတော့ ရောဂါရနိုင်ပါတယ်။ တချို့ ရောဂါပိုးတွေက အစားအသောက် တစ်ဂရမ်မှာ လေးကောင်လောက်ပါတာနဲ့ ရောဂါရစေနိုင်သလို တချို့ကတော့ ၁၀၀ ပါမှ၊ ၁၀၀၀ ပါမှ၊ တချို့က ၁၀၀၀၀လောက်ပါမှ ရောဂါရစေနိုင်ပါတယ်။ ကျန်းမာနေတဲ့၊ ကိုယ်ခံအား ကောင်းနေတဲ့ လူလတ်ပိုင်းတွေကတော့ ရောဂါမဖြစ်လွယ်ဘူးလို့ ပြောလို့ရပေမယ့် ရောဂါပိုးများများ ဝင်သွားရင် ရောဂါဖြစ်နိုင်ပါတယ်။

ရောဂါပိုးတွေဟာ နေရာတိုင်းမှာ ရှိနေနိုင်တာမို့ ကျွန်မတို့ရဲ့ လက်မှာရှိနေတဲ့ ရောဂါပိုးကို သိဖို့အတွက် ဓာတ်ခွဲခန်းထဲမှာ စစ်ဆေးတဲ့အခါ ပိုးမွေးစာလို့ခေါ်တဲ့ ရောဂါပိုးမွေးရတဲ့ Media ပေါ်ကို လက်မဆေးဘဲ လက်ဗွေနှိပ်သလို ထိပြီး ၃၇ဒီဂရီစင်တီဂရိတ် အပူပေးထားတဲ့ Incubator ခေါ်တဲ့ စက်ထဲထည့်ထားရင် နောက်တစ်ရက်မှာ ရောဂါပိုးတွေ အများကြီးပေါက်နေတာကို တွေ့ရပါတယ်။ လက်ဆေးပြီးမှ ဒီလို ပိုးမွေးရင် နည်းနည်းပဲ ပေါက်တာကို တွေ့ရပါတယ်။

ဒါကြောင့်လည်း အစာမစားခင် လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင် ဆေးပြီးမှ စားရမယ်လို့ ပြောနေကြရခြင်း ဖြစ်ပါတယ်။ အိမ်သာက ပြန်လာရင်လည်း လက်ကိုဆပ်ပြာနဲ့ စင်ကြယ်အောင်ဆေးဖို့ အရေးကြီးပါတယ်။ ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်ရောဂါနဲ့ အသည်းရောင်အသားဝါ(အေ) ရောဂါပိုးတွေက အူလမ်းကြောင်းကတစ်ဆင့် မစင်အညစ်အကြေးထဲမှာ ပါလာနိုင်တာမို့ ယင်ကောင်က အညစ်အကြေးကိုအုံပြီး အစားအသောက်ကို လာနားရင် ရောဂါပိုးတွေက အစားအသောက်ထဲ ရောက်ကုန်နိုင်ပါတယ်။ ဒါကြောင့် အစားအသောက်ကို ယင်ကောင်၊ ပိုးဟပ်တို့အန္တရာယ်က ကင်းဝေးအောင် ဖုံးအုပ်ထားရပါမယ်။

ဈေးတွေထဲက မုန့်ဟင်းခါးနဲ့ အသုပ်တွေကိုဝယ်ပြီး ဓာတ်ခွဲခန်းမှာ ရောဂါပိုးတွေ ရှာကြည့်လိုက်တဲ့အခါမှာ မုန့်ဟင်းခါးမှာ ရောဂါပိုးနည်းနည်းပဲတွေ့ရပြီး အသုပ်မှာတော့ ဝမ်းလျှောနိုင်တဲ့ ရောဂါပိုးတွေအများကြီးတွေ့ရပါတယ်။ မုန့်ဟင်းခါးဖတ်ကို လက်နဲ့ကိုင်တဲ့အခါ ရောဂါပိုးတွေ ပါသွားပေမယ့် ဟင်းရည်က ပွက်ပွက်ဆူနေတော့ ရောဂါပိုးက သေသွားပါတယ်။ ဟင်းရည် အေးနေရင်တော့ မကောင်းပါဘူး။ ဈေးသည်တွေကို တစ်ခါသုံး လက်အိတ်သုံးပါလို့ ပြောတော့ လက်အိတ်ကိုစွပ်ပြီး ပိုက်ဆံကိုင်လိုက်၊ လက်သုတ်ပဝါကိုင်ပြီး စားပွဲသုတ်လိုက်၊ မုန့်ဖတ်ကိုင်လိုက်နဲ့ဆိုတော့ ပိုဆိုးပါတယ်။

မုန့်ဖတ်ကို ညှပ်နဲ့ ကိုင်ပြီး အသုပ်နယ်တဲ့အခါ တစ်ခါသုံးလက်အိတ်ကိုသုံးရပါမယ်။ အသုပ်နယ်ပြီးရင် လက်အိတ်ကို လွှင့်ပစ်ရုံပါပဲ။ အသုပ်ထဲမှာ ထည့်တဲ့အာလူး၊ ခေါက်ဆွဲ၊ တို့ဟူးဆိုတွေက ပြုတ်ထားပေမယ့် ဒီအတိုင်း အကြာကြီးထားပြီး ပူအောင်ပြန်မလုပ်တော့ဘဲ လက်နဲ့နယ်တာဖြစ်လို့ ဝမ်းလျှောနိုင်တဲ့ ရောဂါပိုးတွေ တွေ့ရတာပါ။ (ဈေးသည်ကို မနယ်ခိုင်းဘဲ ဇွန်းနဲ့ ကိုယ့်ဘာသာ သုပ်စားရင် ပိုကောင်းပါတယ်) ဈေးသည်ရဲ့ လက်က ပိုက်ဆံကိုင်လိုက်၊ လက်သုတ်ပဝါကိုင်လိုက်နဲ့ ညစ်ပတ်နေမှာပါ။ ပိုက်ဆံကလည်း လူပေါင်းစုံ ကိုင်ထားတာဆိုတော့ ရောဂါပိုးတွေ အများကြီးရှိနေပါတယ်။ ဆေးကြောရာမှာ အသုံးပြုတဲ့ရေကလည်း သန့်ရှင်းဖို့ လိုပါတယ်။ ဥပမာဆိုရင် နံနံပင်မှာ မြေကြီးထဲက ပိုးမွှားတွေပါနေနိုင်တော့ သန့်ရှင်းတဲ့ ရေများများနဲ့ ဆေးမှပဲ ပိုးမွှားကင်းစင်မှာ ဖြစ်ပါတယ်။

**အစားအသောက်များကို သန့်သန့်ရှင်းရှင်း ကိုင်တွယ်ထားသိုခြင်းဖြင့် အစားအသောက်မှတစ်ဆင့် ရနိုင်တဲ့ရောဂါများကို ကာကွယ်နိုင်ပါတယ်။ ဒါကြောင့် ဘေးအန္တရာယ် ကင်းရှင်းသော အစားအသောက်ရရှိရန် ကိုယ်တိုင်ချက်ပြုတ်စားသုံးတဲ့သူများမှာသာမကဘဲ အစားအစာထုတ်လုပ်တဲ့ စက်ရုံတွေနဲ့ ထုတ်လုပ်သူတွေမှာပါ တာဝန်ရှိပါတယ်။ အိမ်မှာ ဒါမှမဟုတ် စားသောက်ဆိုင်မှာ၊ အစားအသောက်ကို ပြင်ဆင်တဲ့နေရာမှာ အန္တရာယ်ကင်းစွာပြင်ဆင်ဖို့ အရေးကြီးတဲ့အတွက် အစားအသောက် ကိုင်တွယ်ချက်ပြုတ်သူတွေဟာ ကျန်းမာရေး အသိပညာရှိဖို့ လိုပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးက ကျန်းမာရေးအသိရှိရှိနဲ့ လိုက်နာကျင့်သုံးကြမယ်၊ အခြားသူတွေကိုလဲ အသိပညာတွေရှိနေအောင်နဲ့ လိုက်နာဆောင်ရွက်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြမယ်ဆိုရင် အစားအသောက်ကတစ်ဆင့် ရနိုင်တဲ့ ရောဂါတွေ လျော့နည်းသွားမှာ ဖြစ်ပါတယ်။**

၁၉၉၆ခုနှစ် Visit Myanmar Yearကစပြီး ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနက မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနများနဲ့ ပူးပေါင်းပြီး စားသောက်ဆိုင် မန်နေဂျာများကို ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်ရရှိရေး သင်တန်းများ ပို့ချခဲ့ပါတယ်။ လမ်းဘေးစားသောက်ဆိုင်များကိုလည်း မြို့နယ်ကျန်းမာရေးအရာရှိများ၊ ကျန်းမာရေးမှူးများက ဆင့်ပွားသင်တန်းများ ပေးခဲ့ပါတယ်။ အခုလည်း မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ သင်တန်းများ ဆက်လက်ပေးလျက်ရှိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကလည်း အစားအသောက် ကိုင်တွယ်တဲ့သူတွေကို ပညာပေးဖို့အတွက် ၁၉၉၀ပြည့်နှစ်လောက်မှာ "Ten Golden Rules for Safe Food"ဆိုပြီး အန္တရာယ်ကင်းတဲ့ အစားအသောက်ရရှိရေးအတွက် အဓိကလိုက်နာဆောင်ရွက်ရမယ့် အချက်၁၀ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၀၁ခုနှစ်မှာတော့ ဒီ ၁၀ချက်ကို ခြုံငုံမိပြီး ပိုပြီး ရိုးရိုးရှင်းရှင်းလေးနဲ့ လူတွေ အလွယ်တကူသိရှိ လိုက်နာ ဆောင်ရွက်နိုင်ဖို့အတွက် "5 Keys to Safer Food"အန္တရာယ်ကင်းတဲ့ အစားအသောက်ရရှိရေးအတွက် အဓိကသော့ချက် ငါးခုကို ပညာပေးတဲ့ ပိုစတာတွေ ထုတ်ဝေခဲ့ပါတယ်။ ဒီငါးချက်ကတော့–

(၁) Keep Clean**သန့်ရှင်းအောင် ထားရမယ်။** ဆိုလိုတာကတော့ အစားအသောက် မကိုင်တွယ်မီနဲ့ အိမ်သာအထွက်မှာ လက်ကို သန့်ရှင်းအောင် ဆပ်ပြာနဲ့ဆေးရမယ်။ အစားအသောက် ပြင်ဆင်မယ့် အသုံးအဆောင်ပစ္စည်းများကိုလည်း သန့်ရှင်းတဲ့ ရေနဲ့ ဆေးကြောရပါမယ်။ မီးဖိုချောင်ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းအောင် ပိုးမွှားတိရစ္ဆာန်များ မဝင်ရောက်နိုင်အောင် ကာကွယ်ထားရပါမယ်။

(၂) Separate Raw and Cooked **အသားစိမ်း၊ ငါးစိမ်းများနဲ့ ချက်ထားတဲ့ အစားအသောက်များကို သီးခြားခွဲထားရပါမယ်။** အသားစိမ်း၊ ငါးစိမ်းတွေမှာ ရောဂါပိုးတွေရှိနေတဲ့အတွက် အစားအသောက်များ ပြင်ဆင်ရာ၊ ထားသိုရာနေရာတွေမှာ အတူထားရင် ချက်ပြီး အစားအသောက်တွေကို ရောဂါပိုးများ ကူးစက်ပျံ့နှံ့နိုင်ပါတယ်။ အသုံးအဆောင်ပစ္စည်းတွေ ဖြစ်တဲ့ ဓား၊ စဉ်းတီတုံးနဲ့ ပန်းကန်များကိုလဲ ချက်ထားတဲ့ အစားအသောက်နဲ့ အသားစိမ်း၊ ငါးစိမ်းများအတွက် သီးသန့်ခွဲပြီး အသုံးပြုရမှာဖြစ်ပါတယ်။ ရေခဲသေတ္တာထဲမှာ သိမ်းရင်လည်း ဖုံးအုပ်ပြီး သီးသန့်စီ ခွဲသိမ်းဖို့ လိုပါတယ်။

(၃) Cook Throughly **အသား၊ ငါး၊ ဥနဲ့ ပင်လယ်စာများကို ချက်ပြုတ်ရာမှာ အားလုံးကျက်အောင် ချက်ရပါမယ်။** ကျွန်မတို့ နိုင်ငံမှာတော့ ဆီပြန်အောင်ချက်တဲ့ အတုံးသေးသေးတုံးတဲ့ အကျင့်ရှိပြီးသားမို့ အသားစိမ်း၊ ငါးစိမ်းထဲမှာပါနိုင်တဲ့ ရောဂါပိုးတွေက ပွက်ပွက်ဆူရေထဲမှာ သေသွားပြီး ဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာတော့ အသားတုံးကကြီးပြီး ပွက်ပွက်ဆူအောင် မချက်ရင် အသားတုံးရဲ့ အထဲကို အပူချိန်က မရောက်တော့ အသားအားလုံး မကျက်တဲ့အတွက် အသားစိမ်းမှာရှိနေတဲ့ ရောဂါပိုးတွေကြောင့် စားသုံးသူတွေမှာ အစာအဆိပ်ဖြစ်တာတွေ ရှိပါတယ်။ ဒါကြောင့် အသားချက်ရင် ထွက်လာတဲ့ ပန်းရောင်အရည်တွေက ကြည်ပြီး အရောင်မရှိသည်အထိချက်ပါလို့ ပြောကြပါတယ်။ ကျက်ပြီးသား အစားအသောက်ကို ပြန်ပြီး အပူပေးရင်လည်း နွေးရုံပဲ မနွေးဘဲနဲ့ အားလုံး တစ်ပြေးညီ ပူနေအောင် သေသေချာချာ အပူပေးရပါမယ်။ နွေးရုံပဲ ဆိုရင်တော့ ရောဂါပိုးရှိနေရင် ပွားလို့ကောင်းနေမှာပါ။

(၄) Keep Food at Safe Temperature**အစားအသောက်များကို ချက်ပြီးရင် အခန်းထဲမှာ ဒီအတိုင်းထားရင် နှစ်နာရီထက် ပိုမထားရပါဘူး။ ရေခဲသေတ္တာထဲကို ထည့်ထားရပါမယ်။** ဒါမှ မဟုတ်ရင်တော့ ၆၀ဒီဂရီစင်တီဂရိတ်ထက် ပိုပူအောင် လုပ်ထားရပါမယ်။ မစားခင်မှာတော့ ပြန်ပြီး ပွက်အောင်၊ ဆူအောင်လုပ်ပြီးမှ စားရပါမယ်။ ရေခဲသေတ္တာထဲထားဖို့လည်း မဖြစ်နိုင်၊ ပူအောင်လည်း လုပ်မထားနိုင်ရင်တော့ စားခါနီးမှ ပူပူနွေးနွေးချက်ပြီး စားနိုင်ရင် အကောင်းဆုံးဖြစ်ပါမယ်။ အေးတဲ့ ရာသီမှာချက်ပြီး အစားအသောက်ကို ဖုံးအုပ်ပြီးထားရင် ကောင်းပေမယ့် ပူတဲ့ရာသီမှာတော့ ချက်ပြီး နှစ်နာရီလောက်အတွင်း စားမှကောင်းမှာပါ။ ပလာတာ၊ ပူရီတို့လို ဆီနဲ့ကြော်ထားတာဆိုရင်တော့ ငါးနာရီကနေ ၁၀နာရီလောက်အထိ သိမ်းထားလို့ရပါတယ်။

(၅) Use Safe Water and Raw Materials**ချက်ပြုတ်ဆေးကြောရာမှာ အသုံးပြုတဲ့ ရေကလည်း ရောဂါပိုးကင်းရှင်းတဲ့ အန္တရာယ်ကင်းတဲ့ ရေဖြစ်ရပါမယ်။** ရောဂါပိုးကင်းတဲ့ ရေရဖို့ကတော့ ရေကို ကလိုရင်းဆေးခတ်ခြင်းနဲ့ ပွက်ပွက်ဆူအောင် ကျိုချက်ခြင်းဖြစ်ပါတယ်။ ထို့အတူ ဟင်းသီးဟင်းရွက်၊ အသီးအနှံများကလည်း လတ်ဆတ်ဖို့ လိုပါတယ်။ ဟင်းသီးဟင်းရွက်တွေက မြေကြီးကတစ်ဆင့် ရောဂါပိုးတွေ ပါလာနိုင်တာမို့ အစိမ်းစားမယ့် အသီးအနှံ၊ အတို့၊ အမြှုပ်များကို သန့်ရှင်းတဲ့ ရေများများနဲ့ စင်ကြယ်အောင် ဆေးဖို့ လိုအပ်ပါတယ်။

အိမ်ရှင်မများရော စားသောက်ဆိုင်များက အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများပါ လိုက်နာဆောင်ရွက်ဖို့ အပန်းမကြီးတဲ့ ဒီအဓိကသော့ချက်ငါးချက်ကို သေသေချာချာ နားလည် သဘောပေါက်ပြီး လိုက်နာကျင့်သုံးကြမယ်ဆိုရင် စားသုံးသူ မိသားစုတွေ၊ ဝယ်ယူစားသုံးကြတဲ့ စားသုံးသူတွေဟာ အစားအသောက်မသန့်လို့ ဖြစ်ပွားကြရတဲ့ ရောဂါဘယများ ကင်းဝေးကြမှာ အမှန်ဖြစ်ပါတယ်။ ။

**တချို့ရောဂါပိုးတွေက Toxin ဆိုတဲ့ အဆိပ်တွေ ထုတ်နိုင်ပါတယ်။ ရောဂါပိုးတွေနဲ့ အဆိပ်တွေရှိနေပေမယ့်လည်း အစားအသောက်ရဲ့ အရောင်နဲ့အနံ့က မပြောင်းလဲပါဘူး။ ဒီအစားအသောက်ကို စားမိတဲ့သူမှာ အစာအဆိပ်ဖြစ်တဲ့ ရောဂါရဲ့ လက္ခဏာတွေဖြစ်တဲ့ ဝမ်းလျှောတာ၊ အန်တာတွေ ဖြစ်လာနိုင်ပါတယ်။**

# မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကျောက်ချောကတ္တရာခင်းကျင်းမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်တို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းရှိ လမ်းများအဆင့်မြင့်ရေးနှင့် ရေရှည်တည်တံ့ ကောင်းမွန်စေရေးတို့အတွက် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှေးဦးစွာ မြို့တော်ဝန်သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၅)ရပ်ကွက်အနီး ပင်လုံလမ်းသို့ နံနက် ၆ နာရီ မိနစ် ၅၀ တွင်ရောက်ရှိရာ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဗိုလ်မင်းရောင်လမ်း၊ မဟာဗန္ဓုလလမ်း၊ မင်းရဲကျော်စွာလမ်း၊ ဗိုလ်မှူးဗထူးလမ်းများ ရေရှည်တည်တံ့ ကောင်းမွန်စေရေးတို့အတွက် အဆင့်မြင့် ကတ္တရာလမ်းများခင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တပင်ရွှေထီးလမ်းသို့ ရောက်ရှိလာပြီး၊ တပင်ရွှေထီးလမ်းအား ပြည်ထောင်စုလမ်းနှင့် ကျန်စစ်သားလမ်းအထိ အကျယ် ၁၈ ပေ၊ လမ်းအရှည် ၆၈၇၅ ပေအား ကျောက်ချောကတ္တရာ ထပ်ပိုးလွှာခင်းကျင်းနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မြို့တော်အဆင့်မြင့်ရေးတွင် လမ်းပန်းဆက်သွယ် ကောင်းမွန်မှုသည် အရေးပါသည့်အတွက် စံချိန်စံညွှန်းပြည့်ဝစွာ ဆောင်ရွက်ရန်မှာကြားသွားသည်။ (၁၉)

## ကြည့်ရှုစစ်ဆေး

**ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တပင်ရွှေထီးလမ်းကတ္တရာ ကျောက်ချောလမ်း ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(၁၉)

## ကြေးမုံ ပြည်တွင်းသတင်း မှတ်စု

### စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး စာဖတ်ဝိုင်းကျင်းပ

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာဖတ်ဝိုင်းကို နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)၌ ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းတွင် ကျင်းပသည်။ အဆိုပါစာဖတ်ဝိုင်းတွင် ယင်းနေ့ထုတ် ကြေးမုံသတင်းစာပါ ချစ်နိုင် (စိတ်ပညာ)၏ **"ကျေးလက်ကို အခြေခံရမည်"** ဆောင်းပါးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးကျော်စိုးလင်း၊ ထုတ်လုပ်ဌာနခွဲမှ အကြီးတန်းစာရေး ဒေါ်သန္တာဝင်းနှင့် စီမံခန့်ခွဲရေးဌာနခွဲ အကြီးတန်းစာရေး ဦးအောင်ဇော်ထွေးတို့က ဖတ်ကြားကြသည်။

### စေတနာ့ဝန်ထမ်း သင်တန်းဖွင့်လှစ်ပို့ချ

ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် အခြေခံလူမှုဝန်ထမ်းလုပ်ငန်းသင်တန်းနှင့် အခြေခံစေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ စောင့်ရှောက်မှုမြှင့်တင်ရေးသင်တန်းကို ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂ရက်အထိ ဖွင့်လှစ်လျက်ရှိရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၄၀ တက်ရောက်ကြသည်။

သင်တန်းတွင် ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးအရာရှိ ဦးဝင်းမောင်နှင့် သင်တန်းနည်းပြများက ဆွေးနွေးပို့ချလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရန်ကုန်တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဝါးသုံးစွဲသူများ၏ မိသားစုဝင်ပြဿနာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန် ပြန်လည်ထူထောင်ရေးစခန်း ဒုတိယဦးစီးမှူး ဦးမျိုးဝင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။

### နွေရာသီ လူငယ်ဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်း မြန်မာ့ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းရှိ Han Golf Masters Academy က စီစဉ်သော နွေရာသီမျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်သင်တန်းများကို မတ် ၁၂ရက်မှ မေလအထိ လစဉ်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများတွင် အခြေခံအဆင့်သင်တန်း၊ ကွင်းပတ်အဆင့် မွမ်းမံသင်တန်းနှင့် အဆင့်မြင့် ဂေါက်သီးရိုက်သင်တန်းများဟူ၍ တန်းခွဲ သုံးခုထားရှိကာ သင်ကြားပေးသွားမည် ဖြစ်သည်။ သင်တန်းများကို ဝါရင့်မြန်မာ့လက်ရွေးစင်အသင်း နည်းပြဆရာများက စာတွေ့လက်တွေ့ သင်ကြား လေ့ကျင့်ပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ဖုန်း-၀၁-၇၀၆၇၈၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် မတ် ၁**

ဦးမြတ်ငြိမ်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ဌေးသော်တာကွင်း၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၇)၌ ကိုက် ၁၅၀အကွာမှ Srixon 3 ဘောလုံးကို Callaway Iron No.5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များ ဖြစ်ကြသော ဦးကျော်ဇော (Golden Flower Co., Ltd)၊ ဦးလှိုင်မြင့်တို့အတူ ကစားလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၁-၃-၂၀၀၇)

**နေပြည်တော်**
**မင်းဘူး**
**ဘားအံ**
**သာယာဝတီ**
**ရန်ကုန်(ကမ္ဘာအေး)**

၃၈ ဒီဂရီစင်တီဂရိတ်
၁၀၀ ဒီဂရီဖာရင်ဟိုက်

# (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။
၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကိုပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။
၄။ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

# ဖန်တီးမှုမပါသည့် သဘာဝဓာတ်ပုံများ

**ရန်ကုန် မတ် ၁**

**သတင်းမှတ်တမ်း - ဇော်ဝင်းနိုင်(ကြေးမုံ)**

အနုပညာတစ်ခုကို ပုံဖော်ကြရာတွင် မိမိတို့ဝါသနာပါရာ၊ တတ်ကျွမ်းရာ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံစသည်ဖြင့် ပုံဖော်ကြသည်။ မိမိတို့ဖန်တီးလိုက်သော အနုပညာရပ်ကို ပြသရာတွင်လည်း ဝါသနာတူရာ နှစ်ယောက်၊ သုံးယောက်တွဲဖက်ပြီး ပြပွဲအနေဖြင့်သာ အတွေ့များသော်လည်း တစ်ကိုယ်တော်ပြပွဲအနေဖြင့် အတွေ့ရနည်းသည်။ ယင်းအနက် တက္ကသိုလ်ဟန်မင်းဦး၏ တစ်ကိုယ်တော် ဓာတ်ပုံအနုပညာပြပွဲကို မတ် ၂ရက်မှ ၉ ရက်အထိ ပြသမည်ဟု သိရသဖြင့် ကြေးမုံက သွားရောက် တွေ့ဆုံခဲ့ပါသည်။

ပြပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ "ဓာတ်ပုံ လောကသို့ ၁၉၉၆ ခုနှစ်မှာ စတင်ဝင်ရောက်ကြောင်း၊ မိမိတတ်ကျွမ်းသည့်အနုပညာနှင့် ရှာဖွေရရှိသော အမြတ်အစွန်းကို ဘိုးဘွားရိပ်သာ၊ မိဘမဲ့ကလေးများကျောင်း၊ နာရေးကူညီမှုအသင်း၊ AIDS ဝေဒနာရှင်များ ကာကွယ်စောင့်ရှောက်ရေးအသင်း စသည့် လူမှုရေးအသင်းအဖွဲ့များကို လှူသွားမှာဖြစ်ကြောင်း၊ မိမိအနေနှင့် ယခုပြပွဲက ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ဓာတ်ပုံ အနုပညာကို ဝါသနာပါသူ၊ လေ့လာလိုက်စားလိုသူ၊ သင်ကြားလိုသူများကိုလည်း ဖြန့်ဝေပေးချင်၊ ကူညီချင်ပါကြောင်း ဖြင့် တက္ကသိုလ်ဟန်မင်းဦးက ပြောပြသည်။

ဆက်လက်၍ ပြပွဲတင်မည့်ဓာတ်ပုံများနှင့်ပတ်သက်၍ "ယခုပြပွဲမှာ ဓာတ်ပုံပေါင်း ၃၆ ကားကို ပြသထားမှာဖြစ်ကြောင်း၊ အရွယ်အစားက ၁၁ လက်မ x၁၈ လက်မ အရွယ်တွေဖြစ်ကြောင်း၊ တောင်ကြီး၊ အင်းလေးတို့သို့ သွားရောက်ရိုက်ကူးထားသော ပုံများလည်းပါကြောင်း၊ မိမိလက်ရာများက အဓိကမှာ သဘာဝပုံတွေဖြစ်ကြောင်း၊ ဒီဂျစ်တယ်ခေတ်တွင် ဖန်တီး၍ရသော်လည်း ဖန်တီးမှုထက် သဘာဝကို ပိုသဘောကျပါကြောင်း" ပြောကြားသွားသည်။

ဓာတ်ပုံပညာရှင် တက္ကသိုလ်ဟန်မင်းဦးသည် မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အတွင်းရေးမှူးဖြစ်ပြီး ပြည်တွင်း ဓာတ်ပုံပြိုင်ပွဲများတွင်သာမက နိုင်ငံတကာ ဓာတ်ပုံပြိုင်ပွဲများတွင်လည်း ဆုများရရှိဖူးသူဖြစ်သည်။ ယခု ဓာတ်ပုံပြပွဲကို မတ် ၂ ရက် (ယနေ့)မှ ၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ အမှတ်(၂၀)ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်တွင် ပြသထားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



**ပဲခူးမြို့ ကိုးသိန်းကိုးသန်း ဘုရားပရိဝုဏ် အတွင်း မြင်ကွင်းတစ်နေရာ။**

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ပထမဆုရဓာတ်ပုံ။

ကွယ်လွန်သူ ဦးစိုးစိုးအား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားလမ်းနေ ဒေါ်ဝင်းဝင်းစိန်မိသားစုက မင်းကွန်းဓမ္မနာဒ(ဆွမ်း၊ရေ၊ဆေး) ပဒေသာပင်အတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# ဘဏ္ဍာ/အခွန်က စီးပွား/ကူးသန်းအသင်းကို အနိုင်ရရှိ အမှတ်ပေးချန်ပီယံဆုကို ခြောက်ကြိမ် ဆက်တိုက်ဆွတ်ခူး

**ရန်ကုန် မတ် ၁**

၂၀၀၆-၂၀၀၇ဘောလုံးရာသီမြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက လှုငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက စီးပွား/ကူးသန်းအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ ဘဏ္ဍာအခွန်အသင်းသည် အမှတ်ပေးပြိုင်ပွဲ မပြီးဆုံးသေးသော်လည်း အမှတ်အများဆုံး ရရှိသဖြင့် အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးသွားပြီးဖြစ်သည်။

**ဘဏ္ဍာ/အခွန်အသင်း -တစ်ဂိုး**

(အောင်ကျော်မိုး)

**စီးပွား/ကူးသန်းအသင်း - ဂိုးမရှိ**

**ဒိုင်လူကြီး - ဦးထွန်းထွန်း**

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းမှာ ယနေ့ပွဲအနိုင်ရရှိလျှင် အမှတ်ပေး ချန်ပီယံဘွဲ့ကို ဆက်လက်ဆွတ်ခူးနိုင်မည်ဖြစ်၍အင်ပြည့်အားပြည့် ကစားသွားပြီး အောင်ကျော်မိုး၏ ၁၅မိနစ်တွင် သွင်းသော တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းသည် အမှတ်ပေးချန်ပီယံဆုကို ခြောက်ကြိမ် ဆက်တိုက် ဆွတ်ခူးရရှိခြင်းဖြစ်ပြီး (၂၇)ကြိမ်မြောက် ဗိုလ်စွဲခြင်းလည်းဖြစ်သည်။

စီးပွား/ကူသန်း အသင်းတွင် ဘရူနိုင်း ဖိတ်ခေါ်ပြိုင်ပွဲဝင်သည့် အသင်း၌ အမာခံများဖြစ်သည့် မိုးဝင်း၊ ချမ်းချမ်း၊ အောင်မျိုးသန့်၊ သီဟစည်သူ(ဂိုး)နှင့် ရာဇာဝင်းသိန်းတို့ ပါဝင်သွား၍ အနည်းငယ်အားပျော့ခဲ့သော်လည်း ဘဏ္ဍာ/အခွန်ကို ခြေရည်တူ ကစားသွားနိုင်သည်။

ဘဏ္ဍာ/အခွန်အသင်းက ပွဲကုန် ၁၃ပွဲကစားအပြီးတွင် ၁၁ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲ ရှုံး၊ ၃၉ဂိုးသွင်း၊ ကိုးဂိုးပေး၊ ၃၄မှတ်ဖြင့် ဗိုလ်စွဲသွားခြင်းဖြစ်သည်။ စီးပွား/ကူးသန်းအသင်းက ပွဲကုန် ၁၃ပွဲကစားအပြီးတွင် ခုနစ်ပွဲနိုင်၊ ငါးပွဲသရေ၊ တစ်ပွဲရှုံး၊ ၃၁ဂိုးသွင်း၊ ၁၃ ဂိုးပေး၊ ၂၆မှတ်ဖြင့် တတိယနေရာ ရရှိသည်။

**(အောင်ဆန်းကွင်း)**

**ပြည်ထဲရေး - နှစ်ဂိုး**

**သစ်တောရေးရာ - တစ်ဂိုး**

ပြည်ထဲရေးအသင်းက ၁၂ပွဲ ကစားအပြီးတွင် ငါးပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံး၊ ၁၁ဂိုးသွင်း၊ ကိုးဂိုးပေး၊ ၂၀ မှတ်ဖြင့် ပဥ္စမနေရာတွင်လည်းကောင်း၊ သစ်တောရေးရာအသင်းက ၁၂ပွဲ ကစား၊ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံး၊ ၁၆ဂိုးသွင်း၊ ၂၅ဂိုးပေး၊ ကိုးမှတ်ဖြင့် အဆင့် ၁၂တွင်လည်းကောင်း ရပ်တည်နေသည်။

**(၅-၃-၂၀၀၇)**

**[အောင်ဆန်းကွင်း]**

**ပို့ဆောင်ရေးနှင့်ဆက်/စာ/ကြေး**

**[သုဝဏ္ဏကွင်း]**

**စွမ်းအင်နှင့်လျှပ်စစ်စွမ်းအား**

(ကြေးမုံ)

**ဘဏ္ဍာ/အခွန် တိုက်စစ်မှူး ရန်ပိုင်နှင့် စီးပွား/ကူးသန်းမှ ဝင်းသိန်းဦးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။**

(ဓာတ်ပုံ-ညီညီစိုးညွန့်)

# မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မီးလောင်ကျွမ်းမှုများ ဖြစ်ပွား

**ရန်ကုန် မတ် ၁**

မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် လမ်း(၈၀)နှင့်(၈၁)လမ်းကြား (၁၂)လမ်း၌ ဖေဖော်ဝါရီ၂၈ရက်မွန်းလွဲ ၂နာရီတွင် ကားအတွင်းမှ ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီထုတ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဗင်ကားနှစ်စီး တာယာများနှင့် ထိုင်ခုံများမီးလောင်ကျွမ်းခဲ့သည်။

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ကြက်စာပြင်ရပ်ကွက် မင်းရပ်ကူးတို့လမ်းရှိ ဒေါ်ခင်သိမ့်၏နေအိမ်၌ ဖေဖော်ဝါရီ ၂၈ရက် ည ၁၁နာရီခန့်တွင် ဖယောင်းတိုင်မီးထွန်းရာမှ မီးကူးစက်လောင်ကျွမ်းသဖြင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ**

# အင်တာနက်အားကစားသတင်းများ

## ကားလင်းဖလားပွဲ ရုန်းရင်းဆန်ခတ်ဖြစ်မှု ဘောလုံးသမားများကို အက်ပ်အေစွဲချက်တင်

ဖေဖော်ဝါရီ ၂၅ ရက်က ကားလင်းဖလားဗိုလ်လုပွဲ ပြီးဆုံးရန် မိနစ်အနည်းငယ် အလိုတွင် ဘောလုံးသမားများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုကို အသင်းမန်နေဂျာများက ဖျန်ဖြေပေးစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

**လန်ဒန် မတ် ၁**

တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် ကားလင်းဖလားဗိုလ်လုပွဲ၏ ထိခိုက်ဒဏ်ရာရအချိန်ပိုတွင် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့မှ ဘောလုံးသမားများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းအတွက် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) က စုံစမ်းစစ်ဆေးနိုင်ရန် စွဲချက်တင်လိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကားလင်းဖလားဗိုလ်လုပွဲပြီးဆုံးရန် မိနစ်အနည်းငယ်မျှလိုတော့ချိန်တွင် ချယ်လ်ဆီးအသင်းမှ ဝိန်းဘရစ်ချ်အား ရန်မူမှုဖြင့် အာဆင်နယ်အသင်းမှ တိုရေးအား စွဲချက် တင်လိုက်သည်။

အနီကတ်ထိသည့် အာဆင်နယ်ဘောလုံးသမားနှစ်ဦးအနက် တစ်ဦးဖြစ်သူ အဒီဘေယာမှာ ကွင်းပြင်ပသို့ ချက်ချင်း မထွက်ဘဲ ရန်လိုသည့် တုံ့ပြန်မှုများ ပြုမူမှုအတွက် စွဲချက်တင်ခံရသည်။

အဆိုပါ ဘောလုံးသမား နှစ်ဦးစလုံးသည် လာမည့် ဗုဒ္ဓဟူးနေ့နောက်ဆုံးထား၍ ထုချေလွှာတင်သွင်းခွင့်ရှိကြောင်း အက်ဖ်အေက ပြောထားသည်။ ***အင်တာနက်။***

**ဖေဖော်ဝါရီ ၇ရက်က ဆန်မာရီနိုနိုင်ငံ ဆာရာဗယ်လီမြို့တွင် ကျင်းပသည့် ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ) ခြေစစ်ပွဲတွင် ဆန်မာရီနိုအသင်းနှင့် အိုင်ယာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## တရုတ်ဘောလုံးသမားများ မွေးထုတ်ရေး ချယ်လ်ဆီးနှင့် အေအက်ဖ်စီ သဘောတူ

**ကွာလာလမ်ပူ မတ် ၁**

တရုတ်နိုင်ငံတွင် ပါရမီထူးသည့် ဘောလုံးသမားများ မွေးထုတ်နိုင်ရေးအတွက် အကူအညီပေးရန် သဘောတူညီချက်တစ်ရပ်ကို ချယ်လ်ဆီးအသင်းနှင့် အာရှဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)တို့ ယနေ့လက်မှတ်ရေးထိုးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချယ်လ်ဆီးအသင်းသည် တရုတ်နိုင်ငံရှိ ဘောလုံးအသင်းများကို ၂၀၁၀ပြည့်နှစ်အထိ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီပေးမည်ဖြစ်သည်။

**အရှေ့အာရှဘောလုံးပြိုင်ပွဲ**

၂၀၀၈ခုနှစ် အရှေ့အာရှဖလားဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံ ချုံကင်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း အရှေ့အာရှဘောလုံးအဖွဲ့ချုပ်က ယနေ့ထုတ်ပြန်ကြေညာသည်။ ***အင်တာနက်။***

## ယူရိုဘောလုံးပြိုင်ပွဲ လက်မှတ် အင်တာနက်မှ ရောင်းချ

**ဘေဆယ်(ဆွစ်ဇာလန်) မတ် ၁**

၂၀၀၈ ခုနှစ် ယူရိုတံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲအတွက် ပထမအသုတ်လက်မှတ်စောင်ရေ ၃၃၀၀၀၀ ကို အင်တာနက်မှတစ်ဆင့် ရောင်းချနေပြီဖြစ်ကြောင်း၊ ယင်းဘောလုံးပြိုင်ပွဲအတွက် ရောင်းချပေးမည့် လက်မှတ်စောင်ရေ၏ သုံးပုံတစ်ပုံကို မတ် ၁ ရက်မှ မတ် ၃၁ ရက်အထိ အင်တာနက်မှတစ်ဆင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အင်တာနက်မှတစ်ဆင့် လက်မှတ်ရောင်းချရာတွင် ဦးရာလူစနစ်ကို ကျင့်သုံးမည်မဟုတ်ကြောင်း၊ မတ်လအတွင်း ကြိုက်နှစ်သက်ရာနေ့ရက်တွင် ဘောလုံးပွဲလက်မှတ်ဝယ်ယူနိုင်ကြောင်း၊ ဘောလုံးပွဲလက်မှတ်ဝယ်ယူနိုင်မည့် အင်တာနက် ဝက်ဘ်ဆိုက်လိပ်စာမှာ www. euro 2008. com ဖြစ်ကြောင်း ၂၀၀၈ ခုနှစ် ယူရိုဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီက ပြောကြားသည်။ ***အင်တာနက်။***

## ဦးနှောက် ပုံရိပ်ဖော်စက်ဖြင့် ဂျွန်တယ်ရီအား စစ်ဆေး

**လန်ဒန် မတ် ၁**

ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင်ဂျွန်တယ်ရီသည် ဦးနှောက်ပုံရိပ် ဖော်စက်ဖြင့် ကျန်းမာရေးစစ်ဆေးမှုကို ဒုတိယအကြိမ် ခံယူခဲ့ရကြောင်း ချယ်လ်ဆီးအသင်းက ယနေ့ အတည်ပြုပြောကြားသည်။

ဂျွန်တယ်ရီသည် ဖေဖော်ဝါရီ ၂၅ရက်က ကျင်းပသည့်ကားလင်းဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အာဆင်နယ်ကွင်းလယ်ကစားသမား အဘူဒါဘီကမတော်တဆကန်မိရာမှ ချယ်လ်ဆီးနောက်တန်းလူ တယ်ရီ ဒဏ်ရာရရှိခဲ့ပြီး သတိလစ်မေ့မြောသွားခဲ့သည်။ တယ်ရီအား ချက်ချင်းပင် ဆေးရုံသို့တင်ပို့ပေးခဲ့ရသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တယ်ရီသည်ဦးနှောက်ပုံရိပ်ဖော်စက်ဖြင့် ကျန်းမာရေးစစ်ဆေးမှုကို ဒုတိယအကြိမ် ခံယူခဲ့ရသော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း ချယ်လ်ဆီးအသင်းက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။ ***အင်တာနက်။***

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

# သီတဂူ ရေအလှူတော် အထူးတရားပွဲ

**ရန်ကုန် မတ် ၁**

ထေရဝါဒ ဗုဒ္ဓသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (ဒေါပုံမြို့နယ်)မှ ကြီးမှူးကျင်းပမည့် သီတဂူ ရေအလှူတော် အထူးတရားပွဲကို ဒေါပုံမြို့နယ် အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ရာ မတ် ၄ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(သီတဂူကြာတစ်ပွင့်) ရွှေပြည်ဟိန်းဆရာတော်၊ မတ် ၅ ရက်တွင် အရှင်ခေမိန္ဒ (စစ်ကိုင်း-ခင်မကန်တိုက်)၊ မတ် ၆ ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ (သီတဂူဆရာတော်)တို့က နေ့စဉ် ညနေ ၆နာရီခွဲမှ စတင်၍ တရားတော်များ ဟောကြားမည်ဖြစ်၍ ဓမ္မမိတ်ဆွေ သူတော်စင်များ ကြွရောက်နာကြားကြရန် နှိုးဆော်ထားသည်။ သီတဂူ ရေအလှူတော်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဦးဝင်းဇော်-ဖုန်း-၀၉-၅၁၃၂၈၀၂၊ ၀၁-၅၅၈၈၀၅သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်တင်အားရည်စူးလျက် သာကေတ ကမ်းလွန်ရေနံ အခြေစိုက်စခန်းအိမ်ရာနေ ဦးမောင်မောင်မြ - ဒေါ်ခင်လေးယု၊ သားကြီး အောင်ပိုင်မြတ်နှင့် သားငယ် စံတိုင်းတင့် မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာမြန်မာကျောင်း အမှူဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# မင်းကွန်း ဓမ္မသာရအလှူတော် စုပေါင်းရေစက်ချပွဲ

**ရန်ကုန် မတ် ၁**

မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်အဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် စုပေါင်းရေစက်ချပွဲ၊ တောင်ရိုးနာယကဆရာတော်ကြီးများထံ၌ သြဝါဒခံယူပွဲနှင့် (၁၇)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်း မင်းကွန်းတောင်ရိုးရှိ ဓမ္မသာရ အလှူတော်ဌာနတည်ရှိရာ ဓမ္မသာရကျောင်းတိုက်ကြီး၌ တပေါင်းလဆုတ် ၉ရက် (မတ် ၁၁ရက်) (တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပမည်ဖြစ်သည်။

မင်းကွန်းတောင်ရိုး သံဃာတော်အပါး ၆၀၀ကျော်တို့အား ရန်ကုန်မြို့(သိန်းမင်းစာပေ)မိသားစုတို့က ဆွမ်း၊ သပိတ်၊ ဟင်းအစုံတို့ဖြင့် ဆွမ်းလောင်းလှူကြမည်ဖြစ်၍ မြို့နယ်၊ ကျေးရွာအသီးသီးမှ ဓမ္မသာရအဖွဲ့ အကျိုးဆောင်များနှင့် အလှူရှင်များကြွရောက်ကြည်ညိုပူဇော်နိုင်ကြကြောင်း သိရသည်။ (က-ပ)

**မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၂၁ ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလနှင့် နှစ်ဖက်သောမိဘများအား အမှူးထား၍ မော်လမြိုင်မြို့နေ အစ်မဖြစ်သူ ဒေါ်ရွှေဝါခိုင်နှင့် ဦးနေဝင်း-ဒေါ်ဝင်းဝင်းချို၊ သမီး မနှင်းပွင့်ဖြူ၊ မရွှေစင်ချို မိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။** (၂၅၇)

**ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော **VIRTUE INTERNATIONAL LIMITED** မှ ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

- လုပ်သားအရေအတွက် - (၂၅၀) ဦး
- အသက်အပိုင်းအခြား - အသက် (၂၀-၄၀)နှစ်
- အခြေခံလစာ - တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့် အထက်
- အချိန်ပို - တစ်နေ့လျှင် ၂ နာရီနှင့်အထက်
- အချိန်ပိုလုပ်ခ - (၁.၅)ဆ ရရှိမည်။
- နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးမည်။
- ဝန်ဆောင်ခ - FEC 100နှင့် ညီမျှသောမြန်မာကျပ်ငွေ

ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံဥပဒေအတိုင်းဖြစ်ပါသည်။

**အသေးစိတ်အချက်အလက်များ သိရှိလိုပါက**
VIRTUE INTERNATIONAL LIMITED
**အမှတ် - ၇၂(၃A)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၁ - ၂၉၀၂၄၀၊ ၀၁ - ၂၀၂၃၉၆၊ ၀၉ ၅၀၁၆၃၁၉ ဖုန်းဆက်နိုင်ပါသည်။**
**◆ နယ်ကိုယ်စားလှယ်ရုံးခွဲလုံးဝမရှိပါ ◆**

**ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော **VERTEX PALACE SERVICES COMPANY LIMITED (အထွန်းအထိပ်နန်းတော်)** မှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

- လုပ်သားအရေအတွက် - (၂၅၀) ဦး
- အသက်အပိုင်းအခြား - အသက် (၂၀-၄၀)နှစ်
- အခြေခံလစာ - တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့် အထက်
- အချိန်ပို - တစ်နေ့လျှင် ၂ နာရီနှင့်အထက်
- အချိန်ပိုလုပ်ခ - (၁.၅)ဆ ရရှိမည်။
- နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးမည်။
- ဝန်ဆောင်ခ - FEC 100နှင့် ညီမျှသောမြန်မာကျပ်ငွေ

ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံဥပဒေအတိုင်းဖြစ်ပါသည်။

**အသေးစိတ်အချက်အလက်များ သိရှိလိုပါက**
**VERTEX PALACE SERVICES COMPANY LIMITED**
**အမှတ် - ၁၉၁၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၁ - ၂၅၆၇၂၁၊ ၀၉ ၅၁၅၁၀၆၄ ဖုန်းဆက်နိုင်ပါသည်။**
**◆ နယ်ကိုယ်စားလှယ်ရုံးခွဲလုံးဝမရှိပါ ◆**

**ထိုင်းနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော **NEW FORTUNE GENERAL SERVICE COMPANY LIMITED** မှ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန်အတွက် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

- လုပ်သားအရေအတွက် - (၂၅၀) ဦး
- အသက်အပိုင်းအခြား - အသက် (၂၀-၄၀)နှစ်
- အခြေခံလစာ - တစ်နေ့လျှင် ဘတ်ငွေ ၁၈၀ နှင့် အထက်
- အချိန်ပို - တစ်နေ့လျှင် ၂ နာရီနှင့်အထက်
- အချိန်ပိုလုပ်ခ - (၁.၅)ဆ ရရှိမည်။
- နေရာထိုင်ခင်း - အလုပ်ရှင်မှ စီစဉ်ပေးမည်။
- ဝန်ဆောင်ခ - FEC 100နှင့် ညီမျှသောမြန်မာကျပ်ငွေ

ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် ထိုင်းနိုင်ငံဥပဒေအတိုင်းဖြစ်ပါသည်။

**အသေးစိတ်အချက်အလက်များ သိရှိလိုပါက**
**NEW FORTUNE GENERAL SERVICE COMPANY LIMITED**
**အမှတ် - ၉၈(A)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၁ - ၃၈၈၈၈၂၊ ၀၉ ၉၉၂၄၄၁၄ ဖုန်းဆက်နိုင်ပါသည်။**
**◆ နယ်ကိုယ်စားလှယ်ရုံးခွဲလုံးဝမရှိပါ ◆**

# မိုးညှင်းအရှင်ဣန္ဒကအား ပူဇော်မည်

**ရန်ကုန် မတ် ၁**

ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသော ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်မှ မိုးညှင်း အရှင်ဣန္ဒက (ရွှေဘို)အား မတ်၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ (က-ပ)

**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း အောက်၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးကျော်လင်း ဆောက်လုပ်ရေး အထူးအဖွဲ့(၄)ထံမှ ပေးပို့လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးမြင့်ဆွေ လက်ခံယူစဉ်။** (က-ပ)

# (၃၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးအောင်သန်း [အငယ်တန်းအင်ဂျင်နီယာ-၁၊ မြို့ပြ၊ ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း၊ စစ်ကိုင်းဘက်ခြမ်း]နှင့် ချစ်မေမေ ဒေါ်သန်းသန်းဝေတို့၏ ၂-၃-၂၀၀၇ ရက်တွင် ကျရောက်သော (၃၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သမီးများနှင့်အတူ အေးချမ်းသာယာပြည့်စုံသောဘဝကို အတူတကွ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်။

**သမီးကြီး** - **ဒေါက်တာရွှေစင်ဦး** M.B.,B.S (Ygn) **(လက်ထောက်ဆရာဝန်၊ ဇလွန်ပြည်သူ့ဆေးရုံ)**
**သမီးလတ်** - **အေးအေးအောင်** B.E (Civil), M.E (Civil), High Tech Concrete Co., Ltd.
**သမီးငယ်** - **ဝေဝေအောင်** B.Com (Q), Accountant Chin Su (Myanmar) Co., Ltd.

# ဦးအောင်သန်းနှင့် ဒေါ်ဆွေဆွေစမ်းတို့အတွက် အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ဦးအောင်သန်းနှင့် ဒေါ်ဆွေဆွေစမ်းအား ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် ရန်ကုန်မြို့ Strand Hotel တွင် ကျင်းပသည့် Shine Hope Co., Ltd. ၏ (၁၁)ကြိမ်မြောက် ဂုဏ်ပြုပွဲတွင် စိန်အဆင့်ကိုယ်စားလှယ် (DIAMOND) အဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသဖြင့် အထူးဝမ်းမြောက် ဂုဏ်ယူအပ်ပါကြောင်းနှင့် သက်ရှည်ကျန်းမာစွာဖြင့် အများအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Shine Hope **မိသားစုဝင်များ**

# Coca Suki Restaurant

Since 1957

**Coca** ချစ်သော **Suki** နှစ်သက်သည့်မိတ်ပြည်သူများအတွက်
**Suki Buffet** ကို -

- ➪ ( ၄ ) **ယောက်နှင့်အထက်သုံးဆောင်လျှင် (20 %) Discount ခံစားခွင့်**
- ➪ ( ၈ ) **ယောက်နှင့်အထက်သုံးဆောင်လျှင် (25 %) Discount ခံစားခွင့်**
- ➪ (၁၂) **ယောက်နှင့်အထက်သုံးဆောင်လျှင် (30 %) Discount ခံစားခွင့်**

**များကို နေ့ဦးအကြို** Lunch Promotion (11:00am to 3:00pm) **အဖြစ်**
၂၀၀၇ ခုနှစ် မတ်လ(၃)ရက်နေ့မှ မတ်လ(၁၈)ရက်နေ့အတွင်း
ကြွရောက် သုံးဆောင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။
**နေရာထိုင်ခင်း အဆင်ပြေမှုအတွက် ကြိုတင်** Reservation **ပြုလုပ်ပေးပါရန်။**

**Phone : 229904, 229905**

**ရန်ကုန်တိုင်း ဒလမြို့နယ် မြို့မ(၃)ရပ်ကွက် မင်းတန်းလမ်းရှိ အမက(၂) ဒလ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းနိုင်က စတုတ္ထတန်း ကျောင်းသား မောင်ကျော်မင်းသက်အား ဆုချီးမြှင့်စဉ်။** (က-ပ)

**ရန်ကုန် တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က သန်လျင်မြို့ ခရိုင် ဂျီအီးစီ ခန်းမ၌ ကျင်းပရာ သဘာပတိ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သိန်း အမှာစကား ပြောကြားစဉ်။** (၅၂၇)

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

**❀ နိုင်ငံတော်မှ**

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

## တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်ပြား ထုတ်ယူရန်ကြေညာ

ရန်ကုန် မတ် ၁

**၂၀၀၇ ခုနှစ် မတ် ၁၄ ရက်မှ မတ် ၂၃ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများ သိရှိရန် မြန်မာနိုင်ငံစာစစ်အဖွဲ့ကယနေ့ သတင်းထုတ်ပြန်သည်။**

တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့် ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများထံသို့ ပေးပို့ထားပြီးဖြစ်ရာ မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card)များကို သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှ မတ် ၆ ရက် (အင်္ဂါနေ့)မှစ၍ စာမေးပွဲရက်မတိုင်မီ ကြိုတင်စုံစမ်း မေးမြန်းထုတ်ယူကြရန်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် မတ် ၇ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲ ဝင်ခွင့်ကတ်ပြားများကို မတ် ၉ရက် (သောကြာနေ့)မှစ၍ အခြေခံပညာ အထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့် ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့် ကတ်ပြားများကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ဆေးရုံတက် ကျောင်းသား၊ ကျောင်းသူများအတွက် ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်ထားမည်

ရန်ကုန် မတ် ၁

**ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ မတ် ၁၄ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီ အထူးကုဆေးရုံကြီးတို့၌ ဖွင့်ပေးရန် စီစဉ်ထားသည်။**

စာမေးပွဲဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား၊ ကျောင်းသူ(အတွင်းလူနာ)များသည် အဆိုပါဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြက်ငှက်တုပ်ကွေး သတိပေးနှိုးဆော်

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ထုတ်ပြန်လိုက်သော သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်ကို စာမျက်နှာ(၇)တွင် ဖော်ပြထားပါသည်။**